# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 14 November 2022 ၁၀၉၁၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၃**

အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (AARM-30)ကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့ပြီး မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့**

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ် အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ ပါဝင်ခဲ့ကြပြီး ပစ္စတို အမျိုးသားအသင်း၊ ပစ္စတို အမျိုးသမီးအသင်း၊ ကာဘိုင် အမျိုးသားအသင်း၊ ရိုင်ဖယ် အမျိုးသားအသင်းနှင့် စက်သေနတ် အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခု၊


စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆





အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

### ပြည်ပပို့ကုန်မြှင့်တင်ဖို့ ကော်ဖီတိုးချဲ့စိုက်ပျိုးကြပါစို့


ဆောင်းပါး စာမျက်နှာ » ၆






### ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်


ဆောင်းပါး စာမျက်နှာ » ၁၀


### စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ


ဆောင်းပါး စာမျက်နှာ » ၃


### ၂၀၃၀ ပြည့်နှစ်တွင် ရာသီဥတုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရန် ဆွီဒင်နိုင်ငံ ရှန်းကန်ရနိုင်


ဆောင်းပါး စာမျက်နှာ » ၁၃

ကြေးမုံ

# ပညာအလှပန်းများစုဝေးရာ ပညာ့ရိပ်မွန်နေပြည်တော်

မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေးတက္ကသိုလ်များအပါအဝင် နိုင်ငံတစ်ဝန်း၌ ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၇၅ ကျောင်းနှင့် ဝန်ကြီးဌာန ၁၁ ခု၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများ အပါ ၁၇၅ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ နေပြည်တော်တွင် သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်တို့ ဖွင့်လှစ်ထားသည်။ မကြာသေးမီက နေပြည်တော်တွင် Naypyitaw State Academy ကို ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ နည်းပညာတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ခဲ့သည့် နေပြည်တော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ နေပြည်တော်သည် ပညာရေးမြို့တော်အဖြစ် ပုံပေါ်လာပြီဖြစ်သည်။

နေပြည်တော် ဒေသခံပြည်သူများ၏ သားသမီးများနှင့် အနယ်နယ်အရပ်ရပ်မှ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် သင်ကြား၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို လေ့လာသင်ယူခွင့်ရရှိစေရန်၊ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ပြီး နိုင်ငံတော်အတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာမည်ကို မျှော်လင့်ကာ နေပြည်တော်နည်းပညာတက္ကသိုလ်ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မူလက ဖွင့်လှစ်ထားသော ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်များကဲ့သို့ အဆင့်မြင့်တက္ကသိုလ်ကြီးတစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး အစိုးရနည်းပညာကောလိပ် (နေပြည်တော်)ကို နည်းပညာတက္ကသိုလ်အဖြစ် အဆင့်မြှင့်တင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

နည်းပညာတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ဘွဲ့သင်တန်းများအနက် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သည့် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ အလုပ်အကိုင်အခွင့်အလမ်း အများဆုံးပေးနိုင်သည့် သုတနည်းပညာဘာသာရပ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဗိသုကာဘာသာများကို သင်ကြားပေးပြီး အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ယခုအခါတွင် နေပြည်တော်နည်းပညာတက္ကသိုလ်၌ နိုင်ငံတော်အတွက် လိုအပ်နေသည့် အင်ဂျင်နီယာလူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လုပ်ငန်းလိုအပ်ချက်အများဆုံးဖြစ်သော ဘာသာရပ် ခြောက်ခုကို အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများနှင့် ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများက အိုင်စီတီနည်းပညာကိုအသုံးပြု၍ သင်ကြားပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကလုပ်ကိုင်နေသောနိုင်ငံဖြစ်သည်။ နိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များလိုအပ်နေသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သည့် အင်ဂျင်နီယာပညာရပ်များသည် စိုက်ပျိုးထုတ်ကုန်မြှင့်တင်မှုကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။ "နိုင်ငံတစ်နိုင်ငံကို အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်စေရန်မှာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည်အရေးကြီးသကဲ့သို့နိုင်ငံသူ နိုင်ငံသားများ၏စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန်မှာလည်း အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ ထာဝရအခွန့်ရှည်တည်တံ့ရှင်သန်ရေးအတွက် မြင့်မားသည့် ပညာစွမ်းရည်နှင့် စွမ်းအားများကို တည်ဆောက်နေကြရမည်ဖြစ်သည့်အပြင် မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားသည့်စိတ်၊ ကိုယ့်လူမျိုးကိုချစ်မြတ်နိုးတတ်သည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်များရှိရန်လည်း အထူးလိုအပ်သည်"ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နေပြည်တော်နည်းပညာတက္ကသိုလ်ဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

နေပြည်တော်တွင် အဆင့်မြင့်တက္ကသိုလ်များ ဖွင့်လှစ်ပေးထားပြီး တက္ကသိုလ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက စေတနာ၊ ဝါသနာ၊ အနစ်နာ စသည့် ကောင်းမြတ်သည့်စေတနာများဖြင့် အဆင့်မြင့်ပညာများကို သင်ကြားပေးပြီး နိုင်ငံနှင့် လူမျိုးအတွက် စိတ်ဓာတ်အခြေခံကောင်းမွန်သော လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် မွေးထုတ်ပေးရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က ဖွင့်လှစ်သင်ကြားပေးသော အဆင့်မြင့်ပညာတက္ကသိုလ်များတွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို သင်ယူသင်ကြားပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသအကျိုး၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားနိုင်မည့် ပညာပြည့်ဝနှလုံးလှသည့် အတတ်ပညာရှင် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားသင်ယူသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နေပြည်တော်တွင် အဆင့်မြင့်ပညာရပ်များအား သင်ကြားသင်ယူနိုင်မည့် တက္ကသိုလ်ကြီးများကို ဖွင့်လှစ်ပေးထားပြီဖြစ်ရာ ပညာအလှပန်းများစုဝေးရာ နေပြည်တော်ပညာ့ရိပ်မွန်ကြီးတွင် ပညာသင်ယူ၊ သင်ကြားကြပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးကို သယ်ပိုးထမ်းဆောင်ကြစေလိုပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။

★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။

★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။

★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၇-၁၁-၂၀၂၂)



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဘူးသီးတောင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့ ဂန္ဓာရီဘုန်းတော်ကြီးကျောင်းနှင့် သုဓမ္မာရုံဘုန်းတော် ကြီးကျောင်းတို့တွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို သွားရောက်ဆက်ကပ်လှူဒါန်းစဉ်။ ငွေကြယ်

## ရွှေဘိုမြို့ အထက(၃)၌ လူငယ်စကားဝိုင်း ကျင်းပ

ရွှေဘို နိုဝင်ဘာ ၁၃

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသည် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန် လိုအပ်ကြောင်း၊ ကာယ၊ ဗလ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်နှင့်ပြည့်စုံမှသာ နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့်ကျောင်းသား ကျောင်းသူအချင်းချင်း ရင်းနှီးချစ်ခင်မှုများတိုးပွားလာစေရန်ရည်ရွယ်၍ လိမ္မာယဉ်ကျေးစွာ ပြောဆိုဆက်ဆံတတ်သော အတွေ့အကြုံသစ်များရရှိစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောသည်။

### ဆွေးနွေး

ထို့နောက် ရွှေဘိုမြို့နယ် စာရေးဆရာအသင်းနာယက ဆရာရွှေစောသက်က လူငယ်နှင့်မူးယစ်ဆေး၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာအောင်ဘုန်းညိုက လူငယ်နှင့် စာရိတ္တ၊ Grade-10 ကျောင်းသား မောင်ပိုင်ဖြိုးနိုင်က လူငယ်နှင့်စာပေ၊ Grade-11 ကျောင်းသူ မအိရွှေစင်ကျော်က လူငယ်နှင့်ယဉ်ကျေးမှုခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲများ ခင်းကျင်းပြသထားရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၈၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဖိုရမ်နှင့် ပြပွဲများသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vitaly Saveliev ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week, 2022 ပြပွဲသို့ တက်ရောက်ရန် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ခရီးစဉ်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီးအတွင်း သစ်တောလုပ်ငန်းဆောင်ရွက်မှုများကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၃ မိုးရာသီတွင်ဆောင်ရွက်မည့် သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှုဖြင့်သစ်ပင်စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ဝေခြင်းများအတွက် သစ်မျိုးစုံပျိုးပင် သုံးသန်းခွဲကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မကွေးမြို့ရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသစ် တည်ဆောက်ပြီးစီးမှုနှင့် တိုင်းမြို့မ အမြဲတမ်း ပျိုးဥယျာဉ်အတွင်း ၂၀၂၃ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးထောင်ထားသော တမာပျိုးပင် ၈၅၀၀၀ နှင့် အပူပိုင်းသစ်မျိုး ပျိုးပင် ၃၃၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် ဒေါင်းနေ တိုးချဲ့ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးထားသော ၁/၂၀၂၀ ကျေးရွာထင်းစိုက်ခင်း ယူကလစ် ဧက ၂၀ ရှင်သန်အောင်မြင်မှုနှင့် ဒေါင်းနေအမြဲတမ်းပျိုးဥယျာဉ် အတွင်း ယူကလစ်၊ ရှား၊ ဒဟတ်၊ ကုက္ကိုနှင့် ဖျောက်ဆိပ် အပါအဝင် အပူပိုင်းသစ်မျိုး ပျိုးပင် ၁၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ် နတ်ကန်ဦး ကြိုးပြင်ကာကွယ်တောရှိ ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန် စီမံကိန်းသို့ရောက်ရှိပြီး ၂၀၂၀ ဖြည့်စွက် အထူးစိမ်းစိုက်ခင်း အပင် ၁၂၀၀၀ ရှင်သန်ကြီးထွားမှု၊ ၂/၂၀၂၂ ဖြည့်စွက် အထူးစိမ်းစိုက်ခင်း အပင် ၁၁၀၀၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ နတ်ကန်ဦးနှင့် ယင်းမာချောင်း သဘာဝတောကျန် ဧက ၂၀၀၀ ထိန်းသိမ်းကာကွယ်ထားမှုနှင့် သဘာဝတောကျန်များ တိုးတက်ကောင်းမွန်လာမှု၊ ၂၀၂၂ စံပြတမာစိုက်ခင်း ဧက ၂၀ အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေနံချောင်း အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ပြီး သဘာဝတောကျန်များအား ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူများအား သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေးခြင်း၊ တောကျန်ကွက်လပ်နေရာများ၌ ဖြည့်စွက်စိုက်ပျိုးခြင်း၊ သစ်မျိုးအလိုက် ရှင်သန်ကြီးထွားမှုနှင့် ဒေသနှင့်ကိုက်ညီမှုသုတေသနပြုလုပ်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာ့သမိုင်းဝင်မြို့တော်များညီလာခံ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ



**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုရီးယားသမ္မတနိုင်ငံ အင်ဒုံမြို့တော်ဝန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယား သမ္မတနိုင်ငံ အင်ဒုံမြို့ အင်ဒုံ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန၌ နိုဝင်ဘာ ၁၄ရက်မှ ၁၆ ရက်အထိကျင်းပမည့် (၁၈) ကြိမ်မြောက် ကမ္ဘာ့သမိုင်းဝင်မြို့တော်များညီလာခံ (18th World Conference of Historical Cities) သို့ တက်ရောက်ရန် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ ကိုရီးယား သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကမ္ဘာ့သမိုင်းဝင်မြို့တော်များ ညီလာခံကို အင်ဒုံမြို့တော်နှင့်အတူ သမိုင်းဝင် မြို့တော်များအဖွဲ့ ( The League Of Historical Cities– LHC) က ပူးတွဲကျင်းပခြင်းဖြစ်ပြီး LHC သည် ၁၉၈၇ ခုနှစ်မှစတင်၍ ဖွဲ့စည်းထူထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကာ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးပုံပေါ်လာစေရန်နှင့် လူသားအမွေအနှစ်နှင့် သမိုင်းဝင်မြို့တော်များကို ထိန်းသိမ်းမြှင့်တင်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရန်ကုန်မြို့သည် ရှေးဟောင်းသမိုင်းအမွေအနှစ်များအပြင် သမိုင်းကြောင်းအရလည်းကောင်း၊ ထူးခြားသည့် ကိုလိုနီခေတ် ဗိသုကာလက်ရာများအရ အရှေ့တောင်အာရှ၏ မြို့ပြအမွေအနှစ် အဆောက်အအုံများစွာပိုင်ဆိုင်ထားခြင်းကြောင့် LHC ၏ အဖွဲ့ဝင်မြို့ဖြစ်သည့် ရန်ကုန်မြို့အား မြန်မာနိုင်ငံ၏ အမွေအနှစ်များနှင့် သမိုင်းဝင် အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အစိုးရမူဝါဒများကို လေ့လာမျှဝေနိုင်ရန် ဖိတ်ကြားခြင်းဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီရုံးဌာနမှူး ဦးဉာဏ်လင်းစိုးနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးလင်းခိုင်တို့ လိုက်ပါသွားကြောင်း သိရသည်။

**သတင်းစဉ်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၁၄ ရက် မှ ၂၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံ ကိုးလ်ကတ္တားမြို့တွင်ကျင်းပခဲ့သည့် အိန္ဒိယကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

အိန္ဒိယသမ္မတနိုင်ငံ ကုန်သည်များအသင်း (Indian Chamber of Commerce–ICC)၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နိုဝင်ဘာ ၁၁ ရက်က အိန္ဒိယသမ္မတနိုင်ငံ ကိုးလ်ကတ္တားမြို့ ITC Sonar Hotel တွင် ကျင်းပပြုလုပ်ခဲ့သည့် "အိန္ဒိယကုန်သည်ကြီးများအသင်း နှစ်ပတ်လည်စုံညီအစည်းအဝေး"သို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၅ နာရီတွင်ကျင်းပရာ စုံညီအစည်းအဝေးသို့ အိန္ဒိယနိုင်ငံအစိုးရ ကုန်းလမ်းပို့ဆောင်ရေး၊ အဝေးပြေးလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး အငြိမ်းစား ဗိုလ်ချုပ်ကြီး Dr.V.K. Singh (Retd.)၊ ပြည်ပရေးရာနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး Dr. Rajkumar Ranjan Singh၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အိန္ဒိယကုန်သည်ကြီးများအသင်း(Indian Chamber of Commerce – ICC)ဥက္ကဋ္ဌ Mr. Pradeep Sureka ဦးဆောင်သော အိန္ဒိယကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ အိန္ဒိယကုန်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။




**ဆွေးနွေးပြောကြား**

မြန်မာ–အိန္ဒိယကုန်သွယ်ဆက်ဆံရေး(Special Session on India–Myanmar Trade Relations) ဆွေးနွေးမှုအပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် အဖွင့်အမှာစကား ပြောကြားရာတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများ၊ ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက် နှစ်နိုင်ငံငွေကြေးများကို သုံးစွဲနိုင်ရေးကိစ္စများ၊ နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော ပဲစင်းငုံနှင့် မတ်ပဲရောင်းဝယ်ရေးစာချုပ်တွင် ပဲတီစိမ်းနှင့် အခြားပဲအမျိုးအစားများပါ ထည့်သွင်းနိုင်ရေး၊ နှစ်နိုင်ငံကုန်စည်ပြပွဲများကျင်းပနိုင်ရေးနှင့် နှစ်ဖက်ကုန်သည်များအကြား ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိသော စီမံကိန်းအခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပူးတွဲကော်မတီများနှင့် နယ်စပ်ကုန်သွယ်ရေးပူးတွဲကော်မတီ အစရှိသည့် ဆက်သွယ်မှုယန္တရားများ ပိုမိုရင်းနှီးခိုင်မာအောင် တည်ဆောက်ရေးနှင့် နှစ်နိုင်ငံအကြားတွင် နိုင်ငံတကာ၊ ဒေသတွင်းနှင့် နှစ်နိုင်ငံချင်းစသည့် အလွှာအလိုက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

စုံညီအစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယကုန်သည်ကြီးများအသင်း (Indian Chamber of Commerce–ICC)မှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် သံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ ဒေသစံတော်ချိန် နံနက် ၁၁ နာရီက ကိုးလ်ကတ္တားမြို့ JW Marriot Hotel တွင် ကျင်းပသည့် အိန္ဒိယနိုင်ငံ စက်မှုထုတ်ကုန်များတိုးမြှင့်တင်ပို့နိုင်ရေးကောင်စီ (Engineering Export Promotion Council – EEPC)၏ ဖိတ်ကြားချက်အရ ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် အလားအလာများ၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး အလားအလာများ၊ ကျပ်နှင့် ရူပီးများကို နှစ်နိုင်ငံကုန်သွယ်မှုတွင် သုံးစွဲနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သည်များအနေဖြင့် Asian Clearing Union (ACU) ငွေပေးချေမှုယန္တရားကို အသုံးပြု၍ ကုန်သွယ်မှုဆောင်ရွက်နိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ EEPC India အဖွဲ့အစည်း ဥက္ကဋ္ဌ Mr.Arun Kumar Garodia၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုကော်မတီဥက္ကဋ္ဌ Mr.Tsuhar Shah နှင့် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Binod Sadra နှင့်အတူ အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုးလ်ကတ္တားမြို့ Bangal Club တွင် အိန္ဒိယပို့ကုန်အဖွဲ့ချုပ် (Federation of Indian Export Organization–FIEO)၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်စေရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး အလားအလာကောင်းများကို ဆွေးနွေးပြောကြားကာ အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ၏ သိရှိလိုသည်များကို ဖြေကြားပေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ FIEO ဥက္ကဋ္ဌ Mr. Yogesh Gupta နှင့်အတူ အဖွဲ့ဝင်များ၊ အိန္ဒိယရင်းနှီးမြှုပ်နှံသူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ စားသုံးသူရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Vishal Singh နှင့် ကိုးလ်ကတ္တားမြို့ Bangal Clup ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ပြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အထူးသဖြင့် ပဲမျိုးစုံများကို အိန္ဒိယနိုင်ငံမှ ပိုမိုဝယ်ယူပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။

**ရှင်းလင်းပြောကြား**

နိုဝင်ဘာ ၁၂ ရက်တွင်ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပိုမိုမြှင့်တင်ရန်စိတ်ဝင်စားသော ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် အိန္ဒိယကုန်သည်လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများက မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ကဏ္ဍအသီးသီးမှ စုစုပေါင်းကုမ္ပဏီ ၁၅ ခု ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ စာကြည့်တိုက်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိပြီး ထားဝယ်မြို့မှ မြိတ်မြို့သို့သွားသည့် ဘုရားကြီး–မော်လမြိုင်–ထားဝယ်–မြိတ်–ဘုတ်ပြင်း–ကော့သောင်းလမ်း(သရက်ချောင်းနှင့် ထားဝယ်) လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၆)မှ တာဝန်ယူဆောက်လုပ်နေသည့် ထားဝယ်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်းများအား စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ သတ်မှတ်ချိန် ပြီးစီးရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးနှင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်မြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ကျရာတာဝန် ထမ်းဆောင်ချိန်တွင် ဒေသခံပြည်သူများ၏ အားကိုးယုံကြည်သည့် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားနေထိုင်ကြရန်နှင့် လူပုဂ္ဂိုလ်လုံခြုံရေး၊ စက်၊ ယာဉ်ယန္တရားနှင့် ရုံး၊ အဆောက်အအုံလုံခြုံရေးတို့ကို ဂရုစိုက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများက တင်ပြမှုများအပေါ် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် ရင်းနှီးနွေးထွေးစွာ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်မြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက်မတည်ငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ဝါးယားချောင်းကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) သတ္တမနှစ်အဖြစ် အရင်းမပျောက်မတည်ချေးငွေ ကျပ်သိန်း ၄၀၀ ပေးအပ်ပွဲအခမ်းအနားကို အဆိုပါကျေးရွာ၌ နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ဆက်လက်ပြီး ပုသိမ်မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ဝါးယားချောင်းကျေးရွာရှိ ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဟောပြောခဲ့ပြီး မျှောပိုက်ရေလုပ်သားများအား ငါးသလောက်ဖမ်းဆီးရရှိမှု အခြေအနေများအား မေးမြန်းစစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ ရှေ့ဖုံးမှ

ထိလဲပြား ပစ်ခတ်စဉ် ပြိုင်ပွဲတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် လေးခု တို့ရရှိခဲ့ပြီး စုစုပေါင်း ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခု ဆွတ်ခူးရရှိခဲ့ကာ နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။ ပြိုင်ပွဲတွင် လာအိုတပ်မတော်မှ သေနတ်ပစ်အသင်း အနေဖြင့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း နည်းတူ ဆုတံဆိပ်ရရှိမှုများ တူညီခဲ့သော်လည်း ရိုင်ဖယ်ပစ်ခတ်စဉ် ပြိုင်ပွဲအမှတ်ပေးပွဲစဉ်(၁)တွင် မြန်မာအသင်းမှ ရမှတ်ပေါင်း ၃၃၅ ဒသမ ၁၄ မှတ် ရရှိခဲ့ပြီး လာအိုအသင်းမှ ရမှတ်ပေါင်း ၂၂၀ ဒသမ ၀၅ မှတ်သာ ရရှိခဲ့ခြင်းကြောင့် နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ နိုင်ငံအလိုက်ရရှိသည့် ဆုဖလား/တံဆိပ်နှင့် အဆင့်သတ်မှတ်ချက်ဇယား

| စဉ် | နိုင်ငံ | ဆုဖလား | အမှတ်ပေးပွဲစဉ် | | | ထိလဲပြားပွဲစဉ် | | | စုစုပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | |
| ၁ | ဗီယက်နမ် | ၈ | ၁၁ | ၉ | ၆ | ၆ | ၆ | ၄ | ၁၇ | ၁၅ | ၁၀ | I |
| ၂ | အင်ဒိုနီးရှား | ၂ | ၇ | ၇ | ၄ | ၆ | ၆ | ၄ | ၁၃ | ၁၃ | ၈ | II |
| ၃ | ဖိလစ်ပိုင် | ၂ | ၆ | ၇ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၃ | ၈ | III |
| ၄ | မြန်မာ | ၁ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | IV |
| ၅ | လာအို | ၀ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | V |
| ၆ | ထိုင်း | ၂ | ၄ | ၅ | ၈ | | | ၂ | ၄ | ၅ | ၁၀ | VI |
| ၇ | စင်ကာပူ | ၀ | ၄ | ၄ | ၈ | | | ၂ | ၄ | ၄ | ၁၀ | VII |
| ၈ | မလေးရှား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | VIII |
| ၉ | ဘရူနိုင်း | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | IX |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | X |



အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ ကြိုဆိုနှုတ်ဆက်ကြစဉ်။



အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်စဉ်။



အကြိမ်(၃၀)မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ဝင်ရောက်ယှဉ်ပြိုင်စဉ်။

## တပ်မတော်(ကြည်း/ရေ/လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၃

၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း/ဖလား တပ်မတော်(ကြည်း/ရေ/လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် “က” အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MWD Education၊ Knowledge & Sports HD Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကျန်းမာဖို့အရေး လမ်းလျှောက်ပေး**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား MV. PACIFIC RAPIER ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၀၂.၇၂၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၁၉.၉၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၅.၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၅၈.၄၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၄၄.၂၀၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၃.၅၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၅၇၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၃၄.၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၁.၂၇၂ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၆.၇၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၀၁.၈၇၂ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၃၉.၄၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅၂.၃၃၂ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၁.၃၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၂၃.၇၁၂ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ်၊ A–1 ဧရိယာတွင် Shwe Project Subsea Structures and Pipelines Inspection လုပ်ငန်းများအား MV. PACIFIC RAPIER ဖြင့် လုပ်ငန်းများအား ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်ပပို့ကုန်မြှင့်တင်ဖို့ ကော်ဖီတိုးချဲ့စိုက်ပျိုးကြပါစို့

**အောင်ထက်လင်း (ကြိမ်ချောင်း)**

ကော်ဖီသည် ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့် သီးနှံကုန်စည်တစ်ခုဖြစ်သည်။ ကော်ဖီသည် ရေပြီးနောက် ဒုတိယအများဆုံး သောက်သုံးသောဖျော်ရည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ တောင်သူပေါင်း ၂၅ သန်းကျော်သည် ကော်ဖီစိုက်ပျိုးရေးတွင် ပါဝင်ပတ်သက်နေကြသည်။ ယနေ့ကာလတွင် အလေးထားစိုက်ပျိုးသင့်သည့်သီးနှံမှာ ကော်ဖီဖြစ်သည်။ အော်ဂဲနစ်ကော်ဖီအတွက် ကမ္ဘာ့ဝယ်လိုအားသည် ၂၀၂၆ ခုနှစ်တွင် နှစ်ဆတိုးလာမည်ဟု နိုင်ငံတကာကော်ဖီဈေးကွက်ကျွမ်းကျင်သည့် အဖွဲ့အစည်းများက ခန့်မှန်းထားသည်။ ကော်ဖီသည် မှတ်ဉာဏ်ကိုကောင်းမွန်စေပြီး ကော်ဖီကို ပုံမှန်သောက်သုံးခြင်းသည် စိတ်ကျရောဂါဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း လေ့လာမှုများရှိခဲ့ပြီးဖြစ်သည်။ ထို့ပြင် စိတ်ကိုလန်းဆန်းစေခြင်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးခြင်း၊ အာရုံကြောဆိုင်ရာရောဂါများကို ကာကွယ်ပေးခြင်းစသည့် ကော်ဖီနှင့်ဆက်စပ်သော ကျန်းမာရေး အကျိုးကျေးဇူးများကို ရရှိစေကြောင်း သိရသည်။

ကော်ဖီသောက်ခြင်း၏အရေးပါမှုသည် ကာလကြာလာသည်နှင့်အမျှ တိုးတက်မှုရှိနေသဖြင့် ကော်ဖီအနားယူချိန် (Coffee Break) သည်ပင်လျှင် လုပ်ငန်းခွင်များ၌ အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်လာသည်။ ကော်ဖီသောက်ခြင်းသည် စီးပွားရေးနှင့် လူမှုဆက်ဆံရေးဆိုင်ရာများကို ထိန်းသိမ်းရန်အတွက် လိုအပ်ချက်တစ်ခုဖြစ်သည်။ ကော်ဖီသည် တစ်နှစ်လျှင် ဒေါ်လာ ၄၂ ဘီလီယံကျော် တန်ဖိုးရှိသည့် လုပ်ငန်းဖြစ်သည်။ စစ်တမ်းများက ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်သောက်သုံးနေကြသော ကော်ဖီခွက်ရေပေါင်း ၂ ဒသမ ၆ ဘီလီယံခန့်ရှိသည်ဟု ခန့်မှန်းကြသည်။ ဥရောပနိုင်ငံများသည် ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံများဖြစ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ကော်ဖီသောက်သုံးမှုအပြင်းထန်ဆုံးတိုးလာသည့်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်သည်။

**တစ်နိုင်ငံလုံးတွင် စိုက်ဧကလေးသောင်းကျော်ရှိ**

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးမှုကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၊ ချင်းပြည်နယ် တီးတိန်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံဒေသတို့တွင် အဓိကစိုက်ပျိုးလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် စိုက်ဧကလေးသောင်းကျော်ရှိသည့်အနက် အသီးခူးဧက သုံးသောင်းကျော်ရှိကြောင်း သိရသည်။ တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၉၀၀၀ ကျော်ထွက်ရှိသဖြင့် နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိနေသည့်လုပ်ငန်းဖြစ်သော်လည်း ပြည်ပမှ နှစ်စဉ်အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်တန်ဖိုးရှိသော ကော်ဖီမှုန့်များ တင်သွင်းနေရဆဲဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် အရှေ့တောင်အာရှ ကော်ဖီစိုက်နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက နည်းပညာ အားနည်းမှု၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်နှင့် ကော်ဖီသီးနှံဈေးကွက် ဝေစုရရှိမှုများ အားနည်းနေသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။



ပြင်ဦးလွင်မြို့ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)အတွင်း စိုက်ပျိုးထားသည့် ကော်ဖီပျိုးပင်များကိုတွေ့ရစဉ်။

**ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)**

ခရီးသွားများအကြား ထင်ရှားသည့် ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ဒေသတစ်ခုဖြစ်သည်။ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိပြီး ပြင်ဦးလွင်ကော်ဖီသည် ဈေးကွက်အတွင်း နာမည်ရရှိနေပြီဖြစ်သည်။ ကော်ဖီမြို့တော် ပြင်ဦးလွင်အဖြစ် ပိုမိုထင်ရှားစေရန် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ကို ပြင်ဦးလွင် ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park)အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ပြင်ဦးလွင် ကော်ဖီဥယျာဉ်အဖြစ် တည်ဆောက်နေသော ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်)သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးကားလမ်းမကြီးဘေးတွင် တည်ရှိသည်။ ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧက ကျယ်ဝန်းပြီး မြန်မာ့ကော်ဖီကို ကမ္ဘာကသိလာစေရန် အထောက်အပံ့များစွာပြုနိုင်ခဲ့သည့် ကော်ဖီခြံတစ်ခုဖြစ်သည်။ ပြင်ဦးလွင်ကော်ဖီဥယျာဉ်၌ ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ပိုမိုထင်ရှားစေရန်၊ မြန်မာ့ကော်ဖီအရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏတိုးတက်လာပြီး ကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင် ပျိုးထောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းပို့ချ**

ချင်းပြည်နယ် ရိခေါဒါရ်မြို့၊ ကရင်ပြည်နယ် သံတောင်မြို့၊ ရှမ်းပြည်နယ် နောင်ချို၊ ဟိုပုံးနှင့် ပင်းတယမြို့နယ်မှ အသေးစားကော်ဖီစိုက်တောင်သူအစုအဖွဲ့ငယ်များပါဝင်သော သင်တန်းသား ၄၈ ဦးကို ပြီးခဲ့သည့်ဧပြီလအတွင်း ရက်တိုသင်တန်းဖွင့်လှစ်ကာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်း ပို့ချပေးနိုင်ခဲ့သည့်အပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းသုံးကိရိယာများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ကော်ဖီအပန်းဖြေဥယျာဉ်အဖြစ် ခြံအဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကော်ဖီနှင့်ပတ်သက်သော အသိပညာများ ပိုမိုလွယ်ကူစွာ ပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ကော်ဖီဈေးကွက်တစ်ခုကို ဆောင်ရွက်ပေးသည့်လုပ်ငန်း၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေနိုင်သော အနားယူအပန်းဖြေရေးလုပ်ငန်းဖြစ်လာစေရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စီမံအကောင်အထည်ဖော်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ကော်ဖီဥယျာဉ်တွင် မွှေးရနံ့နှင့်ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့် လိုက်ဘေးရီးကားကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုးဆယ်မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်း၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အသုံးပြုသော စက်ကိရိယာများ (Coffee Processing Plant) ကို ခင်းကျင်းပြသခြင်း၊ ကော်ဖီနှင့်ပတ်သက်၍ လေ့လာနိုင်မည့် Information Center, Coffee Knowledge Center မုခ်ဦးနှင့် ကားပါကင်ဆောက်လုပ်ခြင်း၊ ခြံအတွင်းပတ်လမ်းဖောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ကော်ဖီဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) အား ယခုကဲ့သို့ ကော်ဖီအပန်းဖြေဥယျာဉ်အဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ခြင်းအားဖြင့် မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်း၊ ပြည်သူအများ မသိရှိသေးသော ကော်ဖီသီးနှံ၏ သဘောသဘာဝများ၊ သတင်းအချက်အလက်များကို အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီထွက်ကုန်များအား ဈေးနှုန်းမှန်ကန်၊ မြန်ဆန်စွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**“မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက စုစုပေါင်း နှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိရာ ဧက ၅၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၉၀၀၀ ကျော် ထွက်ရှိကြောင်းသိရသည်။ ကော်ဖီများကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ဂျာမနီတို့သို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ကော်ဖီစေ့တန်ချိန် ၅၀၀ နီးပါး တင်ပို့ထားပြီးဖြစ်”**

ကမ္ဘာပေါ်တွင် အာရေဗီးကားကော်ဖီစေ့ကို ၇၀ ရာခိုင်နှုန်း အသုံးပြုကြကြောင်း၊ ရိုဘက်စတာကော်ဖီစေ့ကို အသုံးပြုမှုနည်းသော်လည်း အခါးဓာတ်များ၍ ကဖိန်းဓာတ်နှစ်ဆပိုသဖြင့် နှစ်သက်သူများကြောင်း၊ လက်ရှိနိုင်ငံပေါင်း ၅၀ ခန့်မှ တောင်သူများသည် ကော်ဖီစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြကြောင်း သိရသည်။ မြန်မာနိုင်ငံ၌ ဈေးကွက်ဝင်ကော်ဖီမျိုး စိုက်ပျိုးလျက်ရှိသည်။ လက်ရှိကော်ဖီစိုက်ဧက သုံးသောင်းကျော်ရှိပြီး ဒေသအလိုက် ကော်ဖီစေ့မှ ကော်ဖီမှုန့်ဖြစ်လာသည့် အာရေဗီးကားနှင့် ရိုဘက်စတာမျိုးနှစ်မျိုးကို အဓိကစိုက်ပျိုးကြသည်။ ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိကာ ဈေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်သည်။

**ဝယ်လိုအားမြင့်တက်**

မြန်မာ့ကော်ဖီဈေးကွက်တွင် ပြည်တွင်း ပြည်ပ ဝယ်လိုအားကောင်းလာသောကြောင့် ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်အထိ ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။ ယခင်က ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၄၅၀၀ ခန့် ပေါက်ဈေးရှိနေသော်လည်း လက်ရှိတွင် ဝယ်လိုအားမြင့်တက်လာသောကြောင့် အမေရိကန်ဒေါ်လာ ၄၅၀၀ မှ ၅၀၀၀ အထိ ဈေးရရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက စုစုပေါင်း နှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိရာ ဧက ၅၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကော်ဖီစေ့တန်ချိန် ၉၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။ ကော်ဖီများကို ပြည်တွင်း၌ ဖြန့်ဖြူး ရောင်းချလျက်ရှိသည့်အပြင် ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့်ဂျာမနီတို့သို့လည်း တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ကော်ဖီစေ့တန်ချိန် ၅၀၀ နီးပါး တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် အီတလီနိုင်ငံ ဘာရီမြို့ရှိ ဆေးဝါးသုတေသနပညာရှင်များက အသက်အရွယ်ကြီးရင့်သူ ၁၄၀၀ အား စမ်းသပ်လေ့လာခဲ့ရာ၌ မပြင်းလွန်း မပျော့လွန်း အလယ်အလတ်စား ကော်ဖီသောက်သုံးသည့်အလေ့အကျင့်သည် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုကြောင်း တွေ့ရသည်။ လေ့လာမှုကို အီတလီဘာရီ အယ်လ်ဒိုမော်ရိုတက္ကသိုလ်မှ သုတေသီများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသက် (၆၅)နှစ်မှ (၈၄) နှစ်အရွယ်ကြား သက်ကြီးပိုင်း ၁၄၄၅ ဦး၏ ကော်ဖီသောက်သုံးခြင်းနှင့် အာရုံကြောဆိုင်ရာ ကျန်းမာသန်စွမ်းခြင်း ဆက်နွယ်နေမှုအပေါ် သုံးနှစ်ကြာ အချိန်ယူ၍ လေ့လာခဲ့သည်။ နေ့စဉ် ကော်ဖီနှစ်ခွက် သောက်သုံးခြင်းက ဦးနှောက်၏ စွမ်းအင်ကို တိုးတက်လာစေနိုင်ကြောင်းနှင့် အဆိုပါတွေ့ရှိမှုအား အယ်လ်ဇိုင်းမားဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ သို့ ☆

# ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သာယာကုန်းကျောင်းတိုက်၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးတင်ဦးလွင်နှင့် ဧည့်ပရိသတ်များက ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများလျှောက်ထား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ဧည့်ပရိသတ်အားလုံးက ပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညရဋ္ဌဗုဒ္ဓတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာမြို့နယ်ရှိ ဝိဇာတဗိမာန်မိုးကုတ်ကျောင်းတိုက်၊ သဃ်ာန်းကျွန်းမြို့နယ်ရှိ ပရိယတ္တိမဥ္ဇူကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ မင်္ဂလာသီရိပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ စက်မှုမစိုးရိမ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိဓမ္မစရိယတက္ကသိုလ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဓမ္မသိပ္ပံပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဓမ္မရတနာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့ဂေဟာများသို့ စားသောက်ကုန်နှင့် ထောက်ပံ့ငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့ဂေဟာများသို့ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် MPT မှ တန်ဆောင်တိုင်အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် ငွေကျပ် သိန်း ၅၅၀ တန်ဖိုးရှိ စားသောက်ကုန်နှင့် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အထောက်အကူပြုနိုင်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် MPT အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်းက မြန်မာ့မီးရထားဆေးရုံ (အင်းစိန်)သို့ မျက်စိစမ်းသပ်ခန်းတွင် အသုံးပြုသည့် အမေရိကန်



ဒေါ်လာ ၄၈၀၀ တန်ဖိုးရှိ Non-contact Tonometer(NCT) Ct-800 ရေတိမ်တိုင်းစက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း လှူဒါန်းပြီး တန်ဆောင်တိုင်ပွဲတော်ကာလ၌ နိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဘိုးဘွားရိပ်သာနှင့် မိဘမဲ့ဂေဟာများသို့ ငွေကျပ်သိန်း ၅၅၀ တန်ဖိုးရှိ စားသောက်ကုန်များ၊ ဦးထုပ်၊ မျက်နှာသုတ်ပဝါနှင့် နှာခေါင်းစည်းများ အပါအဝင် ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သစ္စာ(သတင်းစဉ်)**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (U.E.1)ရပ်ကွက် အနော်ရထာလမ်း ချမ်းမြေ့မေတ္တာ ပရိယတ္တိကျောင်းတိုက်ရှိ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ စာမျက်နှာ ၆ မှ

ကော်ဖီ၏ခါးသက်သက်အရသာက လျှာရင်းမြက်စေသလို နက်ရှိုင်းသည့်ရနံ့ကို ရှူရှိုက်မိတိုင်း စိတ်ဘဝင်ကို ကြည်လင်လန်းဆန်းသွားစေသည်ဟု ကော်ဖီချစ်သူများက မှတ်ချက်ချကြသည်။ နိုင်ငံတကာ ဆေးသုတေသီများ၏ စစ်တမ်းများအရ နံနက်အိပ်ရာနိုးထပြီးနောက် တစ်နာရီခန့်အကြာသည် ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ ကော်ဖီမသောက်ခင် အစားအစာအဖတ်တစ်ခုခုဖြစ်စေ၊ ပေါင်မုန့်ကြမ်းတစ်ချက်ဖြစ်စေ စားပြီးမှသာ သောက်ကြပါရန် အကြံပြုထားသည်။ နေ့လယ်စာစားပြီးနောက် တစ်နာရီကျော်အကြာနှင့် ညနေခင်းအချိန်များသည်လည်း ကော်ဖီသောက်ရန် သင့်တော်ကောင်းမွန်သည့်အချိန်များဖြစ်သည်။

ကော်ဖီကို အသက်အရွယ်အလိုက် အသင့်အတင့် ပုံမှန်သောက်သုံးခြင်း၊ သကြား၊ နို့ဆီ စသည့် အချိုလျှော့ထည့်သောက်ခြင်းတို့က ကျန်းမာရေးအကျိုးကျေးဇူးများစွာကို မလွဲမသွေရရှိစေသည်။ ၂၁ ရာစုတွင် အဖြစ်များသော စိတ်ကျရောဂါ၊ အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြိုရောဂါ၊ ပါကင်ဆန် (ခေါ်) ခြေတုန်လက်တုန်ရောဂါနှင့် နာတာရှည်ဆီးချိုရောဂါ အမှတ်-၂ စသည့်ရောဂါတို့ကိုလည်း ကော်ဖီက အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။ ကော်ဖီသည် ကမ္ဘာ့ဈေးကွက်တွင် ဒုတိယကုန်သွယ်မှုအများဆုံးဖြစ်သည့်အလျောက် ကော်ဖီစိုက်ပျိုးသူများအနေဖြင့် မြန်မာ့ကော်ဖီသည် အနံ့၊ အရသာ၊ အရောင်အသွေးကောင်းမွန်ရမည်ဖြစ်ပြီး အရည်အသွေးမြင့်ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်မည်ဆိုပါက ကမ္ဘာ့အလယ်တွင် မြန်မာ့ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်သည်။

ကော်ဖီသည် စိုက်ပျိုးသည့် ရေမြေရာသီဥတု ပထဝီအနေအထားတို့ကိုလိုက်၍ ကော်ဖီစေ့၏ အနံ့၊ အရသာတို့ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိရာ မြန်မာ့ကော်ဖီသည်လည်း ကမ္ဘာ့ကော်ဖီဈေးကွက်တွင် အမည်ကောင်းရရှိထားပြီးဖြစ်သလို အရေးပါသည့် တန်ဖိုးမြင့်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးမြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိလာရေးအတွက် မြန်မာ့ကော်ဖီထုတ်လုပ်သူများနှင့် အဖွဲ့အစည်းများက အားထုတ်ကြိုးပမ်းကြရာတွင် မြန်မာ့ကော်ဖီ၏ ကိုယ်ပိုင်ထူးခြားသည့် အနံ့၊ အရသာတို့ကို သောက်သုံးသူများနှင့် ကမ္ဘာ့ဈေးကွက်က သိရှိလာရေးအတွက် ဈေးကွက်မြှင့်တင်မှုဆိုင်ရာ မဟာဗျူဟာနည်းပညာများဖြင့် အစီအစဉ်ချမှတ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

■

# ရဲမွန်တပ်မြို့၌ မဇ္ဈိမာလင်္ကာရ သာမဏေကျော် စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ မဇ္ဈိမဂုဏ်ရည် မဟာစည်တောရရိပ်သာ မဇ္ဈိမဂုဏ်ရည် မုဒ့်မောင်မောင်မဟာဓမ္မဗိမာန်တော်ကြီး၌ ယနေ့မွန်းလွဲပိုင်းတွင် မဇ္ဈိမာလင်္ကာရ သာမဏေကျော် စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကြီး၏ ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌ ဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တကောဝိဒက အစည်းအဝေးကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားမိန့်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့မှ လှူဒါန်းသော အလှူငွေများကို စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး စာမေးပွဲဖြေဆိုမည့်ရက်များတွင် သံဃာတော်များ၏ ဆွမ်းကိစ္စ၊ ကျန်းမာရေးနှင့် အခြား လိုအပ်သည့် ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်းမဲဆန္ဒနယ်မြေ၊ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မဲပေးနိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါရှိရေး၊ မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးခွင့်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။



**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်၊ ဦးအောင်စောဝင်းနှင့် ဦးဘရန်ရှောင်တို့သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် မြို့နယ်အသီးသီး၏ လျာထား မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ လျာထားမဲရုံတည်နေရာများအား စိစစ်အတည်ပြုခြင်းများအပြင် မြို့နယ်အသီးသီးတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်းများနှင့်စပ်လျဉ်း၍ စိစစ်တွက်ချက်အတည်ပြုခြင်းများကိုညှိနှိုင်းဆောင်ရွက်ခဲ့ကြပြီး လိုအပ်ချက် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြီး တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူး၊ သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးသက်လွင်က ဝန်ကြီးဌာန၏ရည်မှန်းချက်အောင်မြင်ရေးနှင့် ရခိုင်ပြည်နယ်အတွက်ရရှိသော ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိအောင် အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း နိုင်ငံအတွက်၊ ပြည်နယ်အတွက် လုပ်ငန်းအားလုံးအပေါ်တွင် စေတနာထားလုပ်ဆောင်ကြရန်နှင့် မျိုးဆက်သစ်လူငယ်များတွက် အင်ဂျင်နီယာများက စေတနာထားကာ အကောင်းဆုံးလုပ်ဆောင်ပေးကြရန်ပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးဝင်းမြင့်ဟန်က ၂၀၂၂-၂၀၂၃ ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြခြင်း၊ ခရိုင်တာဝန်ခံများက မိမိတို့ခရိုင်အလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးက ပြန်လည်ဆွေးနွေးပေါင်းစပ်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်

**ကော့သောင်း နိုဝင်ဘာ ၁၃**

ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ကူးစက်မှုထိန်းချုပ်နိုင်ရေး ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကြီးကြပ်မှုဖြင့် လမ်းထွက်သွားလာနေကြသူများအား ပါးစပ်နှာခေါင်းစည်းများ လိုက်လံဝေငှတပ်ဆင်ပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုကို ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ကော့သောင်းမြို့အနေဖြင့် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းအိုမီခရွန်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများအား ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဌာန၊ မီးသတ်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ လမ်းသွားလမ်းလာများကို ပါးစပ်နှင့် နှာခေါင်းစည်း ဝေငှတပ်ဆင်ပေးသည့် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ သင်ကြားမှုဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ/စီမံကိန်းဆိုင်ရာလုပ်ငန်းများနှင့် ကွန်ပျူတာ/ICT လုပ်ငန်းများကို ပိုမိုတတ်ကျွမ်းနားလည်စေပြီး မိမိရုံးလုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)မှ ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် ဦးစီးအရာရှိများ စုစုပေါင်းသင်တန်းနည်းပြ ၁၄ ဦးတို့က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၁၂ ရက် အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အထက်တန်းကျောင်းအုပ်ကြီး ၁၂၂ ဦးနှင့် အလယ်တန်းကျောင်းအုပ်ကြီး ၁၇၄ ဦး စုစုပေါင်း ၂၉၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

**မကွေး နိုဝင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကျင်းပသော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မကွေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် သင်ကြားပို့ချပေးမည့် ဆရာ ဆရာမများ၊ တိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။



**ပြောကြား**

ရှေးဦးစွာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်ရိုးသစ်အတန်းများတွင် ပါဝင်သည့် သိပ္ပံဘာသာရပ်သင်ခန်းစာများတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများအား ကျောင်းများအလိုက် ဖြန့်ဝေပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား သင်ကြားပို့ချရာတွင် ဆရာ ဆရာမများ၏ အရည်အသွေးများ ပိုမိုမြှင့်တင်ပေးရန်ရည်ရွယ်ပြီး တစ်ဘာသာလျှင် နှစ်ရက်နှုန်းဖြင့် သင်တန်းဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းအားဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားနေသော ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရာရောက်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်လာခြင်းအားဖြင့် အခြေခံပညာကျောင်းများ၏ အားနည်းချက်များကို အပြုသဘောဖြင့် လျှော့ချပေးနိုင်မည် ဖြစ်ပါကြောင်း နှင့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝနေခြင်းဖြင့် အတွေးအခေါ်မှန်ကန်ပြီး ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကာ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်း ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အားပေးကြည့်ရှု**

ဆက်လက်၍ မကွေးတက္ကသိုလ် ဓာတုဗေဒဌာနမှူးက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများ၊ သင်ခန်းစာ ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် သင်တန်းဖွင့်အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းခန်းမများအတွင်း အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနေမှုကို လှည့်လည်ကာ အားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၂ ရက်မှ ၂၇ အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများအနေဖြင့် ဓာတုဗေဒဘာသာရပ်တွင် ၄၂၇ ဦး၊ ရူပဗေဒဘာသာရပ်တွင် ၄၂၄ ဦးနှင့် ဇီဝဗေဒဘာသာရပ်တွင် ၂၉၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ကုန်မြို့၌ အိမ်ခြံမြေပညာပေးသင်တန်း အခမဲ့ဖွင့်လှစ်ပို့ချ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) က အိမ်ခြံမြေပညာပေးသင်တန်းကို ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီစားသောက်ဆိုင်ရှိ သီရိရတနာခန်းမ၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ အခမဲ့ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား ၄၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။




**ဖွင့်လှစ်ပို့ချပေး**

"အိမ်ခြံမြေနဲ့ပတ်သက်တဲ့ ဗဟုသုတ၊ လုပ်ဆောင်လို့ရတဲ့ ဥပဒေ၊ လိုက်နာရမယ့် စည်းကမ်းတွေနဲ့ပတ်သက်ပြီး ခွဲခြားနားလည်နိုင်စေဖို့အတွက် အိမ်ခြံမြေပညာပေးသင်တန်းကိုဖွင့်လှစ်ပို့ချပေးတာဖြစ်ပြီး အိမ်ခြံမြေအကျိုးဆောင်တွေအနေနဲ့ အဆင့်တစ်ခုမြင့်တက်လာအောင်အတွက် လုပ်ဆောင်ဖို့ဆိုရင် အသင်းအဖွဲ့ အစည်းတစ်ခုအနေနဲ့ အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးကြရမှာ ဖြစ်သလို အကျိုးဆောင် အချင်းချင်း အသိပညာ ဗဟုသုတတွေကို မျှဝေကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ့်လုပ်ငန်းကို ကိုယ်တန်ဖိုးထားဖို့နဲ့ ကိုယ့်လုပ်ငန်းကို ကိုယ် ချစ်မြတ်နိုးမယ်ဆိုရင် လုပ်ငန်းလုပ်ဆောင်ရာမှာ အမှားအယွင်းနည်းပါးသွားနိုင်တာကြောင့် အကျိုးကျေးဇူးတွေ ရရှိနိုင်မယ်ဆိုတဲ့ အိမ်ခြံမြေဗဟုသုတ အကြောင်းအရာများကိုပါ ဆွေးနွေးပို့ချပေးခြင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းက ပြောသည်။

အဆိုပါ အိမ်ခြံမြေပညာပေးသင်တန်းကို နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်ထိ ဖွင့်လှစ်ပို့ချခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် လယ်ယာမြေဥပဒေများ၊ အခွန်အကြောင်း သိကောင်းစရာများနှင့် အိမ်ခြံမြေ ဗဟုသုတများကို လည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် မြို့ပြမြေယာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စာချုပ်စာတမ်း ဥပဒေ၊ အိမ်ခြံမြေနှင့် နီးနွယ်သော ဥပဒေဆိုင်ရာ သိကောင်းစရာများအပါအဝင် အကျိုးဆောင်လောက သိကောင်းစရာများနှင့် အိမ်ခြံမြေအသင်းအဖွဲ့ဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေများနှင့် မြို့ပြ/ကျေးရွာ(မြေယာဥပဒေများ)ကို လည်းကောင်း ပို့ချခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟို၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သင်တန်းသားအကျိုးဆောင်များအား ပို့ချပေးခဲ့ကြောင်း သိရသည်။

**မွေးထုတ်ပေးနိုင်ခဲ့**

လက်ရှိမြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းတွင် အသင်းဝင် ၄၀၀၀ ကျော်ရှိကြောင်း၊ အသင်းအနေဖြင့် သင်တန်းများကို စဉ်ဆက်မပြတ် အခမဲ့ ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ သင်တန်းသား စုစုပေါင်း ၃၀၀၀ နီးပါးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် အိမ်ခြံမြေပညာပေးသင်တန်းများကို ဒီဇင်ဘာလ ပထမပတ်တွင် မန္တလေးမြို့၌ လည်းကောင်း၊ ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်၍ နေပြည်တော်၊ ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)နှင့် ပဲခူးမြို့တို့၌ လည်းကောင်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**

❐

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၂၆၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၂၀၈၇ ဦး တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၅၀ ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစော လမ်းလျှောက်ပေးပါ**

# ဖွံ့ဖြိုးရေးနှင့် သဘာဝဘေးအန္တရာယ်

ဝ ထ က လ သ (နတလ)

**"ဝိရောဓိ"** ဟူသည် **"ဆန့်ကျင်ခြင်း၊ ဆန့်ကျင်ဘက်"** ဟူ၍ဖြစ်၏။ **"ဖွံ့ဖြိုးရေး"** ဟူသည် လူတိုင်းလူတိုင်း၏ လိုအင်ဆန္ဒကို **"မဆန့်ကျင်သော"** သဘောလည်းရှိ၏။ **"ကျေနပ်စရာ"** သဘောလည်းရှိ၏။ လူအများအတွက် **"နှစ်သက်စေသော"** သဘောလည်းရှိ၏။ ကောင်းသောအကျိုးပြုခြင်းအချက်လည်းဖြစ်၏။ ချစ်စရာမွန်မြတ်သည့် လုပ်ငန်းလည်းဖြစ်၏။

ထို့ကြောင့် ဒေသတစ်ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းမှာ မြင့်မြတ်သည်ဟု ဆိုထိုက်ပေမည်။ **ဖွံ့ဖြိုးရေး၏** ဆန့်ကျင်ဘက် **"ဝိရောဓိ"** သည်ကား ထိုနှစ်သက်ဖွယ်အရာများကို ဒေါသ၊ ရန်လိုမှု၊ ကြမ်းတမ်းရက်စက်မှုများဖြင့် ပျက်စီးစေတတ်သော **"သဘာဝဘေးအန္တရာယ်များ"** ပင်တည်း။

x x x

ဘိုးတော်ဘုရားလက်ထက် ၁၁၅၄ ခုနှစ်တွင် "တွင်းသင်းမင်းကြီး မဟာစည်သူ ဦးထွန်းညို" ရေးသားခဲ့သော "ဘလ္လာတိယပျို့" ပါ မိုးသက်လေပြင်းတွေထန်၊ သစ်ပင်တွေကျိုးပြတ်လွင့်စင်၊ ချောင်းရေတွေလျှံပြီး တစ်ဖက်၊ တစ်ကမ်းစီ တစ်ညတာ ကွဲကွာခဲ့ရသဖြင့် နှစ်ပေါင်းခုနစ်ရာတိုင်အောင် ငိုကြွေးခဲ့ရသည်ဟု တင်စားခဲ့သည့် ကိန္နရီ၊ ကိန္နရာမောင်နှံ ချောင်းခြားအလွမ်းအဖြစ်အပျက်သည်လည်းကောင်း၊ ၁၈၁၅ ခုနှစ်က ဖြစ်ပွားခဲ့သော အင်ဒိုနီးရှားနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးအပေါ် နစ်နာသော အကျိုးသက်ရောက်မှုဖြစ်စေခဲ့သော "တန်ဘိုရာမီးတောင်" ပေါက်ကွဲမှုသည် လည်းကောင်း၊ ၂၀၀၈ ခုနှစ် မေလက မြစ်ဝကျွန်းပေါ်ဒေသကို အတိုင်းအတာကြီးကြီးမားမားပျက်စီးဆုံးရှုံးစေခဲ့သော "နာဂစ်မုန်တိုင်း" သည်လည်းကောင်း၊ ၂၀၁၁ ခုနှစ် မတ်လက လှုပ်ခတ်ခဲ့သော ဂျပန်နိုင်ငံအဖို့ အကြီးမားဆုံးနှင့် အခဲယဉ်းဆုံးဟု ပြောဆိုရမည့် "ဆန်ဒိုင်ငလျင်နှင့် ဆူနာမီ" သည်လည်းကောင်း၊ ၂၀၁၇ ခုနှစ်အောက်တိုဘာလအတွင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သမိုင်း၏အဆိုးရွားဆုံးတောမီးလောင်မှုနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ဘရာဇီးနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး အမေဇုန်မိုးသစ်တောပြုန်းတီးမှုများသည် လည်းကောင်း ကမ္ဘာပေါ်တွင် နှစ်စဉ်နီးပါးဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များဖြစ်ကြလေသည်။

ဘေးအန္တရာယ်ဟူသည်မှာ နေရာဒေသတစ်ခု (သို့မဟုတ်) လူတစ်စုအပေါ် ရွေးချယ်ကျရောက်တတ်ခြင်းမျိုးမဟုတ်ပေ။ ခေတ်မီဖွံ့ဖြိုးပြီး နည်းပညာအဆင့်မြင့်သည့်နိုင်ငံ၊ ဖွံ့ဖြိုးဆဲဒေသ၊ ဖွံ့ဖြိုးမှုနောက်ကျသည့် တိုင်းပြည်ဟူ၍ ရွေးချယ်မှုမရှိ၊ ညှာတာမှုမရှိ၊ ခွဲခြားမှုမရှိပေ။ သဘာဝဘေးအန္တရာယ်များကြောင့် လူသားတိုင်း၊ ဒေသတိုင်း၊



ကချင်ပြည်နယ် မဝွေဇ– ခေါင်လန်ဖူး ၆၅/၄ မိုင် လမ်းပေါ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျနေသောမြေစာများအား ယန္တရားများဖြင့် ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

နိုင်ငံတိုင်းတွင် ဆက်စပ်ထိခိုက် ဆုံးရှုံးတတ်ပါသည်။

ကူးစက်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးသုတေသနစင်တာ (Center for Research on the Epidemiology of Disasters)၏ အစီရင်ခံစာများအရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ်တာကာလအတွင်း နှစ်စဉ်ဘေးဖြစ်ပွားမှု အကြိမ် ၃၀၀ ဖြစ်ပွားခဲ့ပြီး ဘေးသင့်သူလူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှ ၁၆၄ သန်း ကျော်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ထို ၁၀ နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်များမှာ မီးဘေးအန္တရာယ် ၇၃ ရာခိုင်နှုန်း၊ ရေလွှမ်းမိုးခြင်း ၁၁ ရာခိုင်နှုန်း၊ လေပြင်းမုန်တိုင်းကျရောက်ခြင်း ၁၂ ရာခိုင်နှုန်းနှင့် ကျန်လေးရာခိုင်နှုန်းမှာ မြေငလျင်၊ မြေပြိုခြင်းနှင့် ဆူနာမီကျရောက်ခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုသဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံသားတို့၏ အသက်များဆုံးရှုံးခဲ့ရသည်။ နေအိမ်အဆောက်အအုံများပျက်စီးခဲ့ရသည်။ လမ်းပန်းဆက်သွယ်ရေး၊ သွားလာမှုလမ်းကြောင်းများ ပိတ်ဆို့ခဲ့ရသည်။ လမ်းတံတားများ၊ မြေပြိုကျမှု (Land Slide) များဖြစ်ပွားပြီး ဆုံးရှုံးပျက်စီးခဲ့ရသည်။ ရေချိုများ ညစ်ညမ်းပြီး သောက်ရေ သုံးရေပြတ်လပ်ရှားပါးခဲ့ရသည်။ စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးလက်လွတ်ခဲ့ရသည်။ တိရစ္ဆာန်များလည်း များစွာသေကျေခဲ့ကြရသည်။ သီးနှံခင်းများလည်း စိုက်ပျိုးမရ ပြဿနာများဖြစ်ခဲ့ရသည်။ ဓာတ်တိုင်များပြိုလဲပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရပေသည်။ စာသင်ကျောင်းများလည်း ပိတ်ခဲ့ရပါသည်။ ရောဂါဘယများ ထူပြောစေခဲ့သည်။ ဘုရားစေတီ၊ ကျောင်းကန်တို့လည်း ရေစီးတွင် ပြိုကျ၊ ပျက်စီးမျောပါခဲ့ရသည်။ သဘာဝအလှအပများကိုလည်း အကျည်းတန်စေခဲ့ပါသည်။

ထိုရာသီဥတုဆိုးရွားဖောက်ပြန်မှုနှင့် ကြမ်းတမ်းသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများသည် "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန"၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော တည်ဆောက်ဆဲ၊ တည်ဆောက်ပြီးလမ်းများ၊ တံတားများ၊ အဆောက်အအုံများအား ဖျက်ဆီးခဲ့သောမှတ်တမ်းများ များစွာရှိခဲ့ပေသည်။

**မည်သူ့ကို အပြစ်တင်ရမည်နည်း**

သဘာဝတရားကိုတော့ အပြစ်တင်၍ မရပေ။ မြေကမ္ဘာတွင် မြေပေါ်နှင့် မြေအတွင်းပိုင်းဟု သဘာဝဘေးအန္တရာယ် ဖြစ်စဉ်နှစ်မျိုးရှိသည်။ ကမ္ဘာ့မြေမျက်နှာပြင်ပေါ် ဖြစ်စဉ်များမှာ လေပြင်းမုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ ရေတိုက်စားခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်းနှင့် အနည်ပို့ချခြင်းတို့ဖြစ်၏။

ကမ္ဘာမြေအတွင်းပိုင်းဖြစ်စဉ်များမှာ ကမ္ဘာ့အပေါ်ယံအလွှာ (Earth Crust) ၌ ဖြစ်ပေါ်လေ့ရှိကြသည်။ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောင်တန်းများ၊ တိုက်ကြီးများ၊ သမုဒ္ဒရာချိုင့်ဝှမ်းများ ဖြစ်ပေါ်ခြင်းတို့ပင်ဖြစ်၏။ မြေပေါ်ဖြစ်စဉ်အများစုဖြစ်ပွားရခြင်းမှာ လူသားတို့၏ ပယောဂကြောင့်ဟုသာ ဆိုရပေမည်။ အဘယ့်ကြောင့်နည်း။

**သဘာဝရဲ့စိန်ခေါ်သံ**

သစ်တစ်ပင်မျှပင် မစိုက်ပျိုးဖူးကြသော်လည်း သစ်ပင်ဆယ်ပင်ခုတ်ရန် ဝန်မလေးကြ၊ လောဘဇောတိုက်၍ စည်းမရှိ ကမ်းမရှိ သစ်ထုတ်ကြ၏။ သစ်ခုတ်ကြ၏။ သစ်တောများစွာ ပြုန်းတီးကြရသည်။ အမှန်တော့ သစ်ပင်သစ်တောတို့သည် မိုးရေကို မြေကြီးနှင့် တိုက်ရိုက်မထိအောင် ကာကွယ်ပေးထား၏။ မိုးရေကို ထိန်းပေး၏။ ထို့ကြောင့် ရေစီးရေလာကို နှေးစေ၏။ သစ်ပင်ရှိ၍ ရွာသောမိုးရေသည် မြေအောက်သို့ ပိုမိုစိမ့်ဝင်နိုင်၏။ မြေအောက်ရေကို ဖြည့်တင်းရာလည်းရောက်ပါသည်။

သစ်ပင်သစ်တောများ မရှိလျှင်တော့ မိုးရေသည် မြေကြီးနှင့် တိုက်ရိုက်ထိတွေ့ပြီး မြေဆီလွှာပျက်စီးစေ၏။ ထိုမြေလွှာများသည် မိုးရေနှင့်အတူ မြစ်များ၊ ချောင်းများသို့ မျောပါကျရောက်၏။ ထိုမြေဆီလွှာအနည်အနှစ်များကြောင့် မြစ်ကြမ်းပြင်ကို တိမ်စေ၏။ သောင်ထွန်းစေ၏။ ထို့ကြောင့် မြစ်ကျဉ်းပြီး ရေကြီးရေလျှံဖြစ်ပေါ်လာရတော့သည်။

"သစ်ပင်၊ သစ်တော မရှိခြင်း၏ ရလဒ်အကျိုးဆက်ကို ကျွန်ုပ်တို့အားလုံး ရင်ဆိုင်ကြရုံသာ။" အခြားအကြောင်းရင်းတစ်ခုမှာ စနစ်တကျမရှိသော သယံဇာတတူးဖော်မှုများပင်ဖြစ်၏။ မြစ်ထဲ၊ ချောင်းထဲ တူးချင်သလို တူးကြ၏။ စွန့်ပစ်မြေစာများ ပုံချင်သလို ပုံကြ၏။ ထိုအခါ ရေလမ်းကြောင်းများ ပျက်စီးခြင်း၊ ပိတ်ဆို့ခြင်း၊ ပျောက်ဆုံးခြင်းများ ဖြစ်ပေါ်လာ၏။ မြစ်ချောင်းများ၏ ရေစီးဆင်းပုံစနစ် (Drainage System) ကွန်ရက်သည် လူများ၏ မဆင်မခြင်ပြုမှုများကြောင့် ပျက်စီးယိုယွင်းကြရသည်။ ရလဒ်ကား ရေကြီးမှုပမာဏများပြားလာခြင်း၊ ရေကြီးခြင်း အကြိမ်ရေစိပ်လာခြင်းတို့ပင်တည်း။

ထို့အပြင် ရွှေ့ပြောင်းတောင်ယာဆောင်ရွက်ခြင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှု၊ တောမီးရှို့မှု၊ လမ်းများ၊ တံတားများဖျက်ဆီးခံရမှု၊ နယ်မြေအေးချမ်းမှုမရှိခြင်းတို့ကလည်း မြေပေါ်ဘေးအန္တရာယ်များတွင် ထည့်သွင်းရပါမည်။

ယခုဆိုလျှင် ရှမ်းပြည်နယ်ဒေသအနှံ့ ခပ်စိပ်စိပ်တွေ့ရသည့် ထင်းရှူးတောများ ရှားပါးလာပေပြီ။ ပင်လယ်ကမ်းစပ် ဒီရေရောက်တောများသည်လည်း ပုစွန်ကန်များနှင့်အတူ ပျောက်ကွယ်ခဲ့ပေပြီ။ နယ်စပ်ဒေသအသီးသီးတွင် သစ်ပင်သစ်တောမဲ့ တောင်ကတုံးများ ပေါ်များခဲ့ပေပြီ။ ထိုသို့ သဘာဝဟန်ချက်တွေ ပျက်စီးလာသည်နှင့်အမျှ သဘာဝဘေးများက မိမိတို့ကို အချိန်တိုင်းစိန်ခေါ်နေလေတော့သည်။

**နယ်စပ်ရေးရာဝန်ကြီးဌာနသည်**

နိုင်ငံတော်တည်ဆောက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟူသော အဓိကတာဝန်ကြီးနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်/ ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်" ဟူသောမဟာဗျူဟာဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်လျက်ရှိသည့် ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီးနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသခြောက်ခုတို့တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါသည်။

**စာမျက်နှာ ၁၁ သို့** ✻



ကချင်ပြည်နယ် မဝွေဇ– ခေါင်လန်ဖူး ၆၅/၄ မိုင် လမ်းပေါ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျနေသောမြေစာများအား ရှင်းလင်းပြီးစီးမှုကိုတွေ့ရစဉ်။



ကချင်ပြည်နယ် မဝွေဇ – ခေါင်လန်ဖူး ၆၅/၄ မိုင် လမ်းပေါ်ရှိ တံတားနှစ်စင်း မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေကြီးမှုကြောင့် ပျက်စီးနေမှုများကိုတွေ့ရစဉ်။



ကချင်ပြည်နယ် မငွေ့ဇ– ခေါင်လန်ဖူး ၆၅/၄ မိုင် လမ်းပေါ်ရှိ တံတားနှစ်စင်းဆောက်လုပ်ထားရှိမှုကိုတွေ့ရစဉ်။



ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးကော်ကိုး–ကျော်ခိုလမ်းပိုင်းပေါ်တွင် တောင်ပြိုမှုကြောင့် မြေစာများအား စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

✻ စာမျက်နှာ ၁၀ မှ

ထိုသို့ဆောင်ရွက်ပေးနိုင်ရန် ဖွံ့ဖြိုးရေးလုပ်ငန်းများ သတ်မှတ်လျာထားရန် လိုအပ်ပါသည်။

ထို့ကြောင့် ဤနေရာသည်ကား ဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်လျက်ရှိ၏။ ဒေသကလည်း ဖွင့်ဟတောင်းဆို၏။ ဒေသခံများအတွက်လည်း များစွာအကျိုးရှိ၏။ သို့အတွက် နတလ၏ ဝန်ထမ်းများသည် တောတိုး၊ တောင်ဖြတ်၊ မိုးထဲရေထဲ ပင်ပန်းစွာကွင်းဆင်းစစ်ဆေးလေ့လာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်ရန် လျာထားပေးကြ၏။ အရည်အသွေးပြည့်မီစွာ ခိုင်ခံ့စေရန် ကျွမ်းကျင်လုပ်သားများ၊ အင်ဂျင်နီယာများက စေတနာအပြည့်ဖြင့် တည်ဆောက်ခဲ့ကြ၏။ လှပစွာ၊ ခန့်ထည်စွာလည်း အချိန်မီတည်ဆောက်ပြီးစီး၏။ ဒေသခံပြည်သူတို့လည်း ပျော်ရွှင်ဝမ်းမြောက်စွာ ဖြတ်သန်းသွားလာ အသုံးပြုနေကြ၏။

ဤသို့သောကာလမျိုးတွင် ရုတ်တရက် မိုးသည်းထန်စွာရွာ၏၊ ရက်ပေါင်းများစွာ မရပ်မနားရွာ၏။ လေပြင်းထန်စွာတိုက်ခတ်၏။တောင်တွေမြေတွေ ပြိုကျ၏။ လမ်းကမ်းပါးများ တအိအိပွဲ့ကျကုန်၏။ တစ်ရှိန်ထိုးစီးဆင်းလာသော မိုးရေများသည် ချောင်းများအတွင်းသို့ အဟုန်နှင့်ရောက်၏။ ရေပြင်သည် အရှိန်ဖြင့် မြင့်တက်လာ၏။ ကြမ်းတမ်းသော ရေစီးတို့သည် လမ်းကြောင်းအပေါ်ရှိ တံတားကို ခပ်ပြင်းပြင်းကျော်ဖြတ်၏။ လေပြင်းကြောင့် ကျိုးပြတ်ပြိုလဲလွင့်စင်သွားသော သစ်ပင်၊ သစ်တုံး၊ သစ်ကိုင်းတို့ ရေစီးနှင့်အတူ မျောပါလာ၏။ ယင်းတို့သည် တံတားတိုင်များနှင့် ကန့်လန့်ခံပိတ်စေ၏။ ရေစီးကြမ်းနှင့်အတူ သစ်တုံး၊ သစ်ပင်တို့က တံတားကို တဝုန်းဝုန်းနှင့် အကြိမ်ကြိမ်ဆောင့်၏။ တံတားတိုင်များ ကြွေမွသွားလေ၏။ တံတားများလည်း ယိုင်နဲ့ပျက်စီး၏။ ချဉ်းကပ်လမ်းများ ဖရိုဖရဲပျက်စီးရတော့သည်။ စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းများပင် ဖြစ်တော့သည်။

သဘာဝတရားကြီးသည် ကျွန်ုပ်တို့အား တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်များ ပေးထားပြီး ဖြစ်ပါသည်။ သဘာဝကို ဖျက်ဆီးပါက သဘာဝတရား၏ ဒဏ်ခတ်မှုကိုတော့ ခံကြရပေမည်ကို သေချာစွာ သတိပေးရပါလိမ့်မည်။ တစ်စုံတစ်ခုပျက်သည်နှင့် အားလုံးပြိုပျက်ကြရပေမည်။ ဤသည်ကား ကမ္ဘာမြေကြီး၏ ရှင်သန်လည်ပတ်နေသောစနစ်ဖြစ်၏။

**တည်ဆောက်ရေးလုပ်ငန်းများသည်**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသများ၊ တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသများ၊ လူတိုင်းရောက်ရှိရန် ခက်ခဲသည့်ဒေသများတွင် Pioneer ရှေ့ပြေးစီမံကိန်းများအဖြစ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ တစ်နည်းဆိုရသော် သဘာဝဘေးအန္တရာယ် ဖြစ်နိုင်ချေများသော တောင်တန်းဒေသများနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများ၌ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောအထပ်ထပ်၊ တောင်အလျှိုလျှိုကို ကျော်လွှား၍လည်းကောင်း၊ တောင်ခါးပန်းများကို ရစ်ပတ်၍လည်းကောင်း၊ လျှိုမြောင်များကို ဖြတ်သန်း၍လည်းကောင်း၊ မြစ်ချောင်းများကို ဖြတ်ကျော်၍လည်း ဆောင်ရွက်ကြရပါသည်။

ထို့ကြောင့် **"နတလ ဖွံ့ဖြိုးရေးလုပ်ငန်းများ"** အပါအဝင် နိုင်ငံတော်၏ အခြားတည်ဆောက်ရေးလုပ်ငန်းများသည် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်လိုလို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ရှောင်လွှဲ၍ မရနိုင်ခဲ့ပါ။

နှစ်စဉ်နှစ်တိုင်းလိုလို ဤမိုးကာလများတွင် မြန်မာနိုင်ငံအနှံ့အပြား ရက်ပေါင်းများစွာ မိုးများသည်းထန်ပြီး အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ဆောင်ရွက်ပြီး လမ်း/ တံတားလုပ်ငန်းများနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများသည် နေရာတော်တော်များများ၌ လမ်းမြေပြိုခြင်း၊ ပွဲ့ကျခြင်း၊ တောင်ပြိုကျခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ ရေနစ်မြုပ်ခြင်း၊ တံတားများ ရေတိုက်စားခြင်း စသည့်ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရပါသည်။

နိုင်ငံတော်သည် အဆိုပါသဘာဝဘေးကြောင့် ပျက်စီးပိတ်ဆို့သွားသော လမ်းပိုင်းနေရာများတွင် ချက်ချင်းမြေစာများ ဖယ်ရှားခြင်း၊ နောက်ထပ်မြေပြိုခြင်းမဖြစ်စေရန် တောင်နံရံများဖြတ်ခြင်း၊ Step ခံခြင်း၊ ရေစီးဒဏ်ခံနိုင်ရန် မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ နေ့ညမပြတ်၊ အင်တိုက်အားတိုက် ပြန်လည်ဆောင်ရွက်ပေးခဲ့ပါသည်။ သို့သော် ရှေ့ကပြင်နေဆဲ နောက်က ပြိုပျက်သဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ပင်ဖြစ်ပါသည်။

**ပျက်စီးမှု၏ အဓိကအကြောင်းအရင်း**

နယ်စပ်ဒေသရှိလမ်းအများစုမှာ တောင်တန်းဒေသများတွင် တည်ရှိနေပါသည်။ အတက်/ အဆင်းများပြီး Gradient 8% အထက်ရှိခြင်းကြောင့် မိုးရွာသွန်းမှုများချိန်တွင် ရေစီးကြမ်းသဖြင့် အပွန်းခံလွှာပျက်စီးမှုမြန်ဆန်ခြင်း၊ လမ်းသားများ ပြတ်ကျခြင်း၊ လမ်းဘေးရေမြောင်း (Side Drain) တိုက်စားခြင်း/ ပိတ်ဆို့ခြင်းတို့ကြောင့် လမ်းပေါ် ရေစီး၍ လမ်းသားပျက်စီးမှုကို အများဆုံးဖြစ်ပွားစေပါသည်။ မိုးရေချိန်များမှုကြောင့်လည်းကောင်း၊ သစ်ပင်ကြီးများ/ ကျောက်တုံးများ ပိတ်ဆို့မှုကြောင့်လည်းကောင်း၊ မိုးရွာသွန်းချိန်တွင် ချောင်း/ မြောင်းများလမ်းကြောင်းပြောင်း၍ တံတားနှင့် Box Culvert များ၏ ကမ်းကပ်ခုံ၊ Wing Wall၊ မြေထိန်းနံရံ စသည်တို့ကို ရေတိုက်စားခြင်းတို့ကြောင့် လမ်း/ တံတားများပျက်စီးမှု အများဆုံးဖြစ်ပွားခဲ့ရပါသည်။

ဖွံ့ဖြိုးပြီးလမ်းများမှာ အဆင့်မြင့်တင်သောလမ်း မဟုတ်ဘဲ လမ်းလုံးဝမပေါက်သေးသောနေရာများတွင် လမ်းအသစ်ဖောက်လုပ်ခြင်း ဖြစ်သောကြောင့် မြေသားသိပ်သည်းမှု နည်းနေသေးခြင်းသည်လည်း ပျက်စီးရခြင်းအကြောင်းရင်းအနက် တစ်ချက်ပါဝင်ပါသည်။ ပူတာအို– မချမ်းဘော့ – နောင်မွန်း လမ်းပိုင်းများဆိုလျှင် နွေ၊ မိုး၊ ဆောင်း သုံးနှစ်ကျော်ကြာပြီးမှသာ မြေပြိုမှုနည်းပါးသွားပြီး မြေသားသိပ်သည်းနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ပင် အချို့နေရာများ၌လည်း သက်နုသင်ပုန်းကျောက်များဖြစ်ခြင်းနှင့် ခိုင်မာမှုမရှိသော မြေထုများတွင်ဆောင်ရွက်ရခြင်း၊ မက်စောက်သောတောင်ကမ်းပါးယံတွင် ခက်ခဲစွာဖောက်လုပ်ခဲ့ရခြင်း၊ ရန်ပုံငွေကန့်သတ်ချက်အရ မြေထိန်းနံရံများ ဆောင်ရွက်နိုင်မှု နည်းပါးခြင်းတို့ကြောင့် မြေပြိုမှု (Land Slide) ဖြစ်ပွားပြီး လမ်းပိတ်ဆို့မှု/ ပျက်စီးမှုများ ဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

**ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ရပ်တန့်စေခဲ့**

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ်များသည် လမ်းတစ်လမ်း၊ တံတားတစ်စင်း၊ အဆောက်အအုံတစ်လုံးကိုသာ ထိခိုက်စေမည်မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေပေသည်။

သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်၏ ဆောင်ရွက်ဆဲဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ရပ်တန့်စေခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို နှောင့်ယှက်ပျက်စီးစေခဲ့ပါသည်။ နှောင့်နှေးစေခဲ့ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံသားတို့၏ ဘေးအန္တရာယ် ကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲရခြင်းကြောင့် နိုင်ငံ၏ရှေ့ဆက်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရှိန်အဟုန် ယုတ်လျော့စေခဲ့ပါသည်။

**ပူးပေါင်းဆောင်ရွက်ကြရမည်**

ထို့ကြောင့် နိုင်ငံသားတိုင်းသည် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများ ရှိနေရန်လိုအပ်ပါသည်။ အခြေခံအကျဆုံးအချက်မှာ ရရှိသည့်အသိပညာ၊ ဗဟုသုတများကို လက်တွေ့မြေပြင်တွင် အသုံးချနိုင်ရန်၊ မျှဝေပေးရန် လွန်စွာအရေးကြီးလှပါသည်။

ကမ္ဘာ့နိုင်ငံတိုင်းမှ သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသော်လည်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ဘေးအန္တရာယ်ဖြစ်စဉ်များမှာလည်း မလျော့သောအရေအတွက်ဖြင့် တိုးပွားလျက်ရှိသည်ကိုတော့ သတိချပ်သင့်ပေသည်။

တိုးပွားဖြစ်ပေါ်လျက်ရှိသည့် ဘေးအန္တရာယ်များ လျှော့ချနိုင်ရေး နိုင်ငံသားတိုင်းက အသိစိတ်ဖြင့် ပူးပေါင်းကြိုးပမ်းကာကွယ်ထိန်းသိမ်းနိုင်မှသာ၊ ကြိုးပမ်းဆောင်ရွက်မှသာ ထိခိုက်ဆုံးရှုံးမှုများကို သိသိသာသာလျှော့ချပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးတည်ဆောက်မှု (Nation building) ကဏ္ဍအသီးသီးသည် လျင်မြန်စွာတိုးတက်ပြောင်းလဲစေနိုင်မည်ဟု ယုံကြည်မိကြောင်း တင်ပြလိုက်ရပါသည်။ ။

> **❛ နယ်စပ်ဒေသရှိလမ်းအများစုမှာ တောင်တန်းဒေသများတွင် တည်ရှိနေပါသည်။ အတက်/ အဆင်းများပြီး Gradient 8% အထက်ရှိခြင်းကြောင့် မိုးရွာသွန်းမှုများချိန်တွင် ရေစီးကြမ်းသဖြင့် အပွန်းခံလွှာပျက်စီးမှု မြန်ဆန်ခြင်း၊ လမ်းသားများ ပြတ်ကျခြင်း၊ လမ်းဘေးရေမြောင်း (Side Drain) တိုက်စားခြင်း/ ပိတ်ဆို့ခြင်း တို့ကြောင့် လမ်းပေါ်ရေစီး၍ လမ်းသားပျက်စီးမှုကို အများဆုံးဖြစ်ပွားစေပါသည်။ မိုးရေချိန်များမှုကြောင့်လည်းကောင်း၊ သစ်ပင်ကြီးများ/ ကျောက်တုံးများ ပိတ်ဆို့မှု ကြောင့်လည်းကောင်း၊ မိုးရွာသွန်းချိန်တွင် ချောင်း/ မြောင်းများလမ်းကြောင်း ပြောင်း၍ တံတားနှင့် Box Culvert များ၏ ကမ်းကပ်ခုံ၊ Wing Wall၊ မြေထိန်းနံရံ စသည်တို့ကို ရေတိုးတိုက်စားခြင်းတို့ကြောင့် လမ်း/ တံတားများပျက်စီးမှု အများဆုံးဖြစ်ပွားခဲ့ ❜**

# အရှေ့တောင်အာရှဒေသတွင်း၌ အမေရိကန်နိုင်ငံက ၎င်း၏ ကတိကဝတ်ကို ဆက်လက်ခိုင်မာစေမည်ဟု သမ္မတ ဂျိုးဘိုင်ဒင်ပြော




ဖနောင်ပင် နိုဝင်ဘာ ၁၃

အရှေ့တောင်အာရှဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လုပ်ဆောင်ရွက်နိုင်ရန် အမေရိကန်နိုင်ငံက ၎င်း၏ကတိကဝတ်ကို ဆက်လက်ခိုင်မာစေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အာဆီယံခေါင်းဆောင်များအား ပြောကြားသည်။

အာဆီယံနိုင်ငံများက ယခုနှစ်အတွင်း အမေရိကန်နိုင်ငံကို ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်ပေးခဲ့သည်။

အာဆီယံသည် အင်ဒို-ပစိဖိတ် မဟာဗျူဟာ၏ ဗဟိုချက်ဖြစ်ပြီး စည်းလုံးညီညွတ်သော အာဆီယံနှင့် အတူ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရန် အမေရိကန်နိုင်ငံ၏ ကတိကဝတ်ကို ဆက်လက်ခိုင်မာစေမည်ဖြစ်ကြောင်း သမ္မတဘိုင်ဒင်က ဆိုသည်။

ဆွေးနွေးပွဲအတွင်း ဘိုင်ဒင်က ဒေသတွင်း၌ ရင်းနှီးမြှုပ်နှံမှုပြုရန် ၎င်းအစိုးရ၏ ကတိကဝတ်ကို ပြန်လည်အတည်ပြုခဲ့သည်။

ပြီးခဲ့သောနှစ်တွင် အမေရိကန်အစိုးရအဖွဲ့သည် အာဆီယံအတွက် ပဏာမခြေလှမ်းသစ်များအတွက် အမေရိကန် ဒေါ်လာသန်း ၂၅၀ ကျော်ကို ထောက်ပံ့ပေးရန် ကြေညာခဲ့သည်။ လာမည့်နှစ်အတွက်လည်း အမေရိကန်ဒေါ်လာ သန်း ၈၅၀ ကို ကူညီထောက်ပံ့ပေးရန် အစိုးရအဖွဲ့အား တောင်းခံထားကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

အမေရိကန်နိုင်ငံသည် ၎င်း၏ကတိကဝတ်များကိုလိုက်နာပြီး ခိုင်မာသည့် ပဏာမခြေလှမ်းသစ်များကိုစတင်ကာ အာဆီယံကို ပိုမိုခိုင်မာတောင့်တင်းစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဘိုင်ဒင်က ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# စပိန်နိုင်ငံက တူကီယဲနိုင်ငံ၌ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်ဖြန့်ကြက်မှုကာလ တိုးမြှင့်

**အန်ကာရာ နိုဝင်ဘာ ၁၃**

စပိန်နိုင်ငံသည် တူကီယဲနိုင်ငံ အက်ဒါနာပြည်နယ်တောင်ပိုင်း၌ Patriot အမည်ရှိ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်ဖြန့်ကြက်မှုကာလကို ၂၀၂၃ ခုနှစ် ဇွန်လအထိ ဖြန့်ကြက်မှုကာလ သက်တမ်းတိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း တူကီယဲနိုင်ငံ အနာဒိုလူ သတင်းအေဂျင်စီက နိုဝင်ဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဆီးရီးယားနိုင်ငံ နယ်စပ်မှ ကီလိုမီတာ ၁၂၀ နီးပါးကွာဝေးသော အက်ဒါနာပြည်နယ်၌ ဖြန့်ကြက်ထားသည့် စပိန်နိုင်ငံ၏ Patriot အမည်ရှိ ကာကွယ်ရေး ဒုံးကျည်ဖြန့်ကြက်မှုကာလသည် ယခုနှစ်ကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံမှ တူကီယဲနိုင်ငံသို့ တိုက်ခိုက်လာမည့်အရေးအတွက် တူကီယဲနိုင်ငံက မဟာမိတ်များထံမှ လုံခြုံရေးအထောက်အပံ့များ တောင်းဆိုခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်တွင် အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့သည်လည်း နေတိုး၏မစ်ရှင်တစ်ခုအနေဖြင့် တူကီယဲနိုင်ငံတောင်ပိုင်းတွင် Patriot အမည်ရှိ ကာကွယ်ရေး ဒုံးကျည်များကို ဖြန့်ကြက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် တူကီယဲနိုင်ငံက ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ငြိမ်းချမ်းရေး နွေဦးစစ်ဆင်ရေး ဆင်နွှဲခဲ့ပြီးနောက် အမေရိကန်၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့သည် တူကီယဲနိုင်ငံ၌ ဖြန့်ကြက်ထားသည့် ၎င်းတို့၏ ဒုံးကျည်စနစ်များကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် စပိန်နိုင်ငံက ၂၀၁၅ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏နေရာတွင် အစားထိုးဝင်ရောက်ကာ တူကီယဲနိုင်ငံ အက်ဒါနာပြည်နယ်၌ ၎င်းတို့၏ ဒုံးကျည်စနစ်များကို ဖြန့်ကြက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ခြောက်သောင်းကျော် ရှိလာ

**မနီလာ နိုဝင်ဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ငါးဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၃၈၇ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၈၅၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၁၈၂၅၃ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၉၁၇၆ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၄၉ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၇၅၈၂ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၆ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၆၄ ဦး ထပ်မံတွေ့ရှိ

**မော်စကို နိုဝင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၆၄ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၄၉၉၉၅၂ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၀ ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၉၁၀၂၄ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၀၇၂ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၉၀၁၅၁၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၄၁၀၀၆ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ၂၀၃၀ ပြည့်နှစ်တွင် ရာသီဥတုဆိုင်ရာရည်မှန်းချက်ပန်းတိုင်ရောက်ရှိရန် ဆွီဒင်နိုင်ငံ ရုန်းကန်ရနိုင်



**စတော့ဟုမ်း နိုဝင်ဘာ ၁၃**

ဆွီဒင်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ရာသီဥတုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ရုန်းကန်ရနိုင်ကြောင်း ဆွီဒင်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး အဲလိစဘက်ဖ်စ်တက်ဆင်က ပြောကြားခဲ့သည်။

ရာသီဥတုဆိုင်ရာရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ခက်ခဲနိုင်သော်လည်း မိမိတို့အနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုများအား တတ်နိုင်သမျှ မြန်မြန်လျှော့ချနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဆွီဒင်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီး အဲလိစဘက်ဖ်စ်တက်ဆင်က Svenska Dagbladet သတင်းစာသို့ ပြောကြားခဲ့သည်။

ဆွီဒင်နိုင်ငံ၏ ရာသီဥတုဆိုင်ရာရည်မှန်းချက်ပန်းတိုင်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၁၉၉၀ ပြည့်နှစ်ကထက် ၂၀၃၀ ပြည့်နှစ်တွင် ၆၃ ရာခိုင်နှုန်းလျှော့ချရန် ပါရှိသည်။ ပြည်တွင်းလေကြောင်း ပျံသန်းမှု အပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်မူ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၃၀ ပြည့်နှစ်တွင် ၇၀ ရာခိုင်နှုန်းလျှော့ချသင့်ကြောင်း ဆွီဒင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

လက်ရှိအနေအထားအရ ဆွီဒင်နိုင်ငံက ရည်မှန်းထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရည်မှန်းချက် ၁၉ ခုအနက် ခြောက်ခုကိုပင် ပြည့်မီလိမ့်မည်မဟုတ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## လက်ဘနွန်နိုင်ငံက ကာလဝမ်းရောဂါတိုက်ဖျက်ရန် ကာကွယ်ဆေးထိုးနှံမှုစတင်



**ဘေရွတ် နိုဝင်ဘာ ၁၃**

လက်ဘနွန်နိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက ကာလဝမ်းရောဂါဖြစ်ပွားမှုဒဏ် အများဆုံးခံခဲ့ရခြင်းကြောင့် ကာလဝမ်းရောဂါဖြစ်ပွားမှုကို တိုက်ဖျက်ရန် အမျိုးသားအဆင့် ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို နိုဝင်ဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း လက်ဘနွန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ကာ ကြေညာခဲ့သည်။

အဆိုပါကာလဝမ်းရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို လက်ဘနွန်နိုင်ငံ ကက်ကာ၊ ဘီကာယာနှင့် ဘယ်လ်ဘက်ဟာမယ်ဒေသများတွင် စတင်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် ကာလဝမ်းရောဂါထိုးနှံမှုသည် သီတင်းသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း လက်ဘနွန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်သီတင်းပတ်များအတွင်း ကာလဝမ်းရောဂါကာကွယ်ဆေးအလုံးရေစုစုပေါင်း ၆၀၀၀၀၀ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ ကာလဝမ်းရောဂါဖြစ်ပွားမှု တိုက်ဖျက်ရေးအတွက် ရေဆိုးများကို ရှင်းလင်းရန် လိုအပ်ကြောင်းလည်း လက်ဘနွန်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဖီရက်စ်အဘိတ်က အလေးထားပြောကြားသည်။**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ကာဂျစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ယခုနှစ် ၁၀ လအတွင်း ၇ ရာခိုင်နှုန်းမြင့်တက်

**ဘစ်ရှ်ကက် နိုဝင်ဘာ ၁၃**

ကာဂျစ္စတန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့ခြင်းကြောင့် ၇ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ကာဂျစ္စတန်နိုင်ငံ၏ အမျိုးသားစာရင်းအင်းကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိကာလအတွင်း ကာဂျစ္စတန်နိုင်ငံ၏ စက်မှုထုတ်ကုန်ပမာဏသည် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

အဆိုပါစက်မှုထုတ်ကုန်များအနက် သတ္တုထုတ်ကုန်ပမာဏသည် ၃၂ ဒသမ ၁ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ပြီး သစ်သားနှင့် စက္ကူထုတ်ကုန်ပမာဏသည် ၃၀ ဒသမ ၇ ရာခိုင်နှုန်း၊ ရေနံထုတ်ကုန်ပမာဏသည် ၁၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၂ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၃**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၈၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၉၄၆၅၈၃ ဦး ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် တစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၂၈၈၁ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်းကိုးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၃၆၅၄၆ ဦး ရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၄၇၃၀ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၈၇၈၈၂၈ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ဗိုးတွေ့ဆဲလူနာ ၃၁၂၀၉ ဦး ရှိပြီး ယင်းတို့အနက် ၈၄ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး လူနာ ၆၂ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများတပ်ဆင်ထားရကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၃ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အမေရိကန်နိုင်ငံ လေကြောင်းပြပွဲတစ်ခု၌ ဒုတိယကမ္ဘာစစ်သုံး စစ်လေယာဉ် နှစ်စင်း တိုက်မိ၊ အနည်းဆုံး နှစ်ဦး သေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၁၃**


အမေရိကန်ပြည်ထောင်စု တောင်ပိုင်း တက္ကဆက်ပြည်နယ်တွင် ပြုလုပ်သည့် လေကြောင်းပြပွဲတစ်ခုအတွင်း ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် စစ်လေယာဉ်နှစ်စင်း တိုက်မိကာ ပျက်ကျခဲ့ကြောင်း သိရသည်။

လေယာဉ်များ တိုက်မိမှုကြောင့် အနည်းဆုံး နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

B-17 ဗုံးကြဲလေယာဉ်နှင့် P-63 တိုက်လေယာဉ်တစ်စင်းသည် နိုဝင်ဘာ ၁၂ ရက်က ဒါလာလေဆိပ်တွင် လေကြောင်းပြသမှုတစ်ခုအတွင်း တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်နှစ်စင်းလုံး ပျက်စီးသွားခဲ့ပြီး မြေပြင်ပေါ်သို့ ကျရောက်ပြီး မီးများတောက်လောင်သွားခဲ့ကြောင်း လေကြောင်းပြသမှုသို့ လာရောက်ကြည့်ရှုသူများက ဆိုသည်။

B-17 တွင် လေးဦး သို့မဟုတ် ငါးဦး ရှိပြီး P-63 တွင် လေယာဉ်မှူးတစ်ဦး ပါရှိကြောင်း ကနဦးရလဒ်များအရ သိရသည်။



သို့သော် လေယာဉ်များပေါ်တွင် လိုက်ပါစီးနင်းသည့် လူအရေအတွက်အတိအကျကို ယခုထိတိုင် မသိရသေးပေ။

Federal Aviation Administration နှင့် National Transportation Safety Board တို့သည် အဆိုပါလေယာဉ်တိုက်မိမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဒါလာ မြို့တော်ဝန် အဲရစ်ဂျွန်ဆင်က လေယာဉ်နှစ်စင်းတိုက်မိပြီး မြေပြင်ပေါ်သို့ ပျက်ကျသည့် မှတ်တမ်းတင်ဗီဒီယိုများသည် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်ကြောင်း သူ၏တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးဒဏ်ရာရသူ အရေအတွက်အတိအကျကို အတည်မပြုနိုင်သေးသော်လည်း မြေပြင်ပေါ်ရှိ လူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း ၎င်းက ပြောသည်။

**ကိုးကား- အင်န်အီတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**




ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ (၁၆)မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က ယာဉ်တစ်စီးပေါ်၌ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၉၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၄၀၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၂၂)မိုင် (၃)ဖာလုံနှင့် မိုင်တိုင်အမှတ် (၂၁)မိုင် (၁)ဖာလုံတို့တွင် ယာဉ်နှစ်စီးပေါ်၌ တရားဝင်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သစ်သီးမျိုးစုံ ၁၀၅၇ ဖာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၂၂၄၇၄၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့မှ လားရှိုးမြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Wifi လိုင်းခွဲစက်များနှင့် မိုဘိုင်းဖုန်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၃၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အလုံရပ်ကွက်အတွင်း တရားမဝင် အင်သစ်ခွဲသား ၇ ဒသမ ၃၅၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၅၆၉၀)ကို သိမ်းဆည်းမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရွှေသံလွင်တိုးဂိတ်၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်း မရှိသည့် မုန်လာဥနီ ၇၀၀၀ ကီလိုဂရမ် (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၈၀၄၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၁၈၀၄၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် မြဝတီ(OSS) ကုန်သွယ်ရေးဇုန်၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် High Density Polypropylene ၄၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၈၅၄၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၁၁-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ ပေတ္တသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၃၀ စိုက်ပျိုးရေးရာအဖြေရှာ "ဝါးစိုက်ပျိုးအသုံးချမှုနှင့် လက်မှုအနုပညာ" (အပိုင်း-၁)
- ၀၉:၄၀ "ကြိုတင်သတိပြုကာကွယ်ပါ ဆီးချိုသွေးချိုရောဂါ"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "ကာတာကမ္ဘာ့ဖလား"
- ၁၁:၀၀ Economic Review
- ၁၁:၄၀ ဘဝနှင့်အနုပညာ "အားလုံးကချစ်တဲ့ဒီကောင်မလေး ထပ်ဆင့်တေးသံရှင်အကယ်ဒမီချိုပြုံး"(အပိုင်း-၂)
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၁၀)
- ၁၃:၃၀ MRTV National News
- ၁၄:၅၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၅:၁၅ "၂၀၂၂ခုနှစ်၊ (၃၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွှင့်ပျံ့အမှန်း" (အပိုင်း-၃၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ

**mitv**

- 07:01 Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- 07:10 Goldsmith
- 07:15 Listening Pleasure, Instrumental Music (Mandolin) Maryarma
- 07:26 Myanmar's Traditions and Culture: Novicehood in Myanmar
- 07:50 ASEAN Information Exchange Initiative: Promoting Regenerative Tourism in ASEAN
- 08:01 News
- 08:28 The Recycle Art: Tyre
- 08:44 Millennia Pauk-Phaw Friendship (Thatbyinnyu Temple)
- 08:49 Orphanage
- 09:01 Buddha Image Built Of Bamboo Strip
- 09:14 Today Myanmar: Save The Palms
- 09:26 Mahavihara: From Forest Monastery to Dhamma-Vinnya University
- 10:01 News
- 10:27 Dhammayangyi Temple
- 10:45 Perspectives: Generating Cash Flow from Homestead Livestock Farming Choral Dance (Three Duets)

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ရှေးဟောင်းသမိုင်းဝင်ဆန္ဒန်အိုင်
- **ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** တာရှန်းရိုးရာတောင်တက်ကပွဲ
- **ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** အစွမ်းထက်တဲ့ရေတံကောင်းအကြောင်းသိကောင်းစရာ
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** အိမ်မက်ကကြိုးကခုန်သူ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၁)
- **"ဝ" (၁၅:၀၀)မှ(၁၇:၀၀)ထိ** အားလူးဟင်းချက်နည်း
- **ကချင် (၁၇:၀၀)မှ (၁၉:၀၀)ထိ** လချိဒ်ရိုးရာဝတ်စားဆင်ယင်ပုံ
- **ကယား (၁၉:၀၀)မှ(၂၁:၀၀) ထိ** ရွှေတံခါးမြို့လေးဆီသို့ခရီးတစ်ခေါက်
- **စကောကရင် (၂၁:၀၀)မှ (၂၂:၀၀)ထိ** ဒေသတစ်လွှားစိတ်ဝင်စားစရာများ(အပိုင်း-၁၈)
- **အနောက်ပိုးကရင် (၂၂:၀၀)မှ(၂၃:၀၀)ထိ** ဘဝကိုအရှုံးမပေးသူ နန့်နိုင်နင်းဝေ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ ဒေသထွက်ကုန်မှသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးမှုဆီသို့
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ကြိုတင်သတိပြုကာကွယ်ပါ ဆီးချိုသွေးချိုရောဂါ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လူမိုက်တို့သွားရာလမ်း"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ "အအတွေးအမြင်" အပိုင်း(၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၄၅ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားထူးချွန်ဆုရရှိသူများ၏ စကားသံများ
- ၀၇:၀၀ "စိုက်ပျိုးမွေးမြူသုတဘဏ်"
- ၀၇:၅၀ အာဟာရနေ့စဉ်ဖြည့်စွက် သဘာဝဆေးကောင်းတစ်လက် လိမ္မော်သီးအကြောင်း
- ၀၈:၀၀ လှိုင်သာယာစက်မှုဇုန်မှ အားဖြည့်ဆန်ထုတ်လုပ်မှု
- ၀၈:၁၅ တစ်ဆစ်ကြံစိုက်ပျိုးတောင်သူဝင်ငွေတိုး
- ၀၉:၂၅ နဂါးမောက်စိုက်ပျိုးဝင်ငွေတိုး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၁၅:၁၅ "၂၀၂၂ခုနှစ်၊ (၃၉)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME

Education Channel တို့ နေ့စဉ်တနင်္လာမှ/သောကြာ နံနက် (၁၁:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်ချက်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်နေ့မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏ အပိုဒ် (၁)(င) နှင့် (၂)(ဃ)တွင် အောက်ဖော်ပြပါအတိုင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁)(င) နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ ၆၆/၆ (အထစ) တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာ မြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ ဖြေရှင်းရမည်။ (ဥပမာ- ပုသိမ်တွင် အထစ ပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစ ထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ပုံစံ ၆၆/၆ (အထစ) အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ ၆၆/၆ (အထစ) ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ) များအား ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ (၅၂)သန်းကျော်အား စာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများအား နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်နေ့အထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း **ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ(၂)ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်နေ့အထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။**

လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဥသျှောင်မြို့သစ်အမှတ်(၂)ရပ်ကွက်နေ ကျော်ဌေးဦးသည် ၎င်းအသုံးပြုသည့် “Kyaw Htay Oo” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်ရှိ မိုးကောင်းကျောင်းတိုက်နေသူများဖြစ်သည့် အရှင်အဇ္ဈနု(ခ)ဇော်နိုင်လင်းနှင့် အရှင်ကုသလ(ခ)ထက်ပိုင်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် “Zaw Naing Linn” Facebook အကောင့်နှင့် “Htet Paing Soe” Facebook အကောင့်၊ ရှေ့ဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ရွှေပြည်အေးကျေးရွာနေ စိုးကိုကိုသည် ၎င်းအသုံးပြုသည့် “Soe Ko Ko” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အောင်သန့်ဇင်(ခ)အောင်ကို၊ ဝေနိုင်ထူးနှင့် အိစန္ဒာအောင်(ခ)အိအိတို့ကို သိမ်းဆည်းရမိသည့် Ammonium Nitrate များနှင့်အတူ တွေ့ရစဉ်။



စိုင်းမျိုး၊ တင်ကိုကိုဝင်း၊ သန်းလင်း(ခ)အရှည်ကြီး၊ နှင်းကိုကိုနှင့် နိုင်ဝင်းထွန်းတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အတူတွေ့ရစဉ်။

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီးတွင် အောင်သန့်ဇင် (ခ) အောင်ကို မောင်းနှင်ပြီး ဝေနိုင်ထူးနှင့် အိစန္ဒာအောင်(ခ)အိအိတို့လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Ammonium Nitrate ၁၃၂၆၆ ကီလို၊ မြန်မာငွေကျပ် ၆ ဒသမ ၅ သိန်းကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထောင့်တွင် နေငြိမ်းဇော်(ခ) ဘုမောင်နှင့် မောင်မောင်ဦး(ခ)မောင်မောင်တို့ နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအနီး တန့်ယန်း-လားရှိုးသွား ကားလမ်းတွင် ကျင်းဟော် မောင်းနှင်လာသည့်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း၊ ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ည ၇နာရီခွဲတွင် ရပ်စောက်မြို့နယ် ညောင်ပင်သာကျေးရွာအနီး ရပ်စောက်-ကျောက်ဂူသွားကားလမ်းတွင် နိုင်ဝင်းထွန်း မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှင့် စိုင်းမျိုးမောင်းနှင်ပြီး တင်ကိုကိုဝင်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Toluene လီတာ ၂၇၀၀၊ Ethyl acetate လီတာ ၃၁၂၀ ၊ Calcium Carbonate ၂၄၇၅ ကီလိုနှင့် နစ်ဆန်းယာဉ်ပေါ်မှ Toluene လီတာ ၇၅၀၊ Coloroform လီတာ ၄၈၀၀၊ Calcium Carbonate ကီလို ၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၁၁ နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများသယ်ဆောင်ခိုင်းသူ သန်းလင်း(ခ)အရှည်ကြီး နှင့် နှင်းကိုကိုတို့ကို ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## သာကေတမြို့နယ်တွင် အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/မာန်ပြေရပ်ကွက်၌ နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီခန့်တွင် အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ သာကေတမြို့နယ် မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ ၄၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၁၅ ဦးတို့ဖြင့် သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၂၉ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်သည့်နေအိမ်မှာ သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေ(၁၄)လမ်းရှိ အာရ်စီ ပေ(၂၀x၆၀) နှစ်ထပ် အဆောက်အအုံဖြစ်ပြီး အိမ်ရှင် ဒေါ်....၏ နေအိမ်အောက်ထပ် အိမ်ခန်းအတွင်းတပ်ဆင်ထားသော အဲကွန်းမီးဖြတ်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)၊ ဓာတ်ပုံ-သာကေတမီးသတ်



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





**နေပြည်တော် နိုဝင်ဘာ ၁၃**

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ်ရှိ ပြည်သူ့ဆေးရုံ၌အခြေပြု၍ ဒေသခံပြည်သူ ၆၈၉ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၇၁ ဦး၊ ခွဲစိတ်ရောဂါ ၃၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၁၄ ဦး၊ အရိုးရောဂါ ၇၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၉၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၉ ဦး စုစုပေါင်း ၆၈၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ နှစ်ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ တစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၈ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ မျက်စိ အတွင်းတိမ်ရောဂါဖြင့် ကုသမှုခံယူနေသည့် လူနာများကို မျက်မှန်များ တပ်ဆင်လှူဒါန်းပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



## မိုးနဲမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့်စာအုပ်ပြပွဲ ကွင်းဆင်းဆောင်ရွက်

**မိုးနဲ နိုဝင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်တွင် (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းကျောင်း (နာဟောင်)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်စန္ဒာအောင်က အမျိုးသားအောင်ပွဲ နေ့ ပေါ်ပေါက်လာပုံ /သမိုင်းကြောင်းကိုလည်းကောင်း၊ ရုပ်/သံ ကျွမ်းကျင်-၃ ဒေါ်နန်းဆိုင်မိုင်က **အမျိုးသားနေ့ တို့မမေ့** ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြိုအဖြစ် ကဗျာ၊ ဆောင်ပုဒ်၊ ကာတွန်းနှင့် သုတစာအုပ်များကို ခင်းကျင်းပြသခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက မိမိတို့နှစ်သက်ရာ စာအုပ်များကို ငှားရမ်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၀ | ၂၉၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၅ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၂၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၃၅ | ၂၇၆၀ | ၂၇၅၅ | ၂၇၂၀ | ၂၈၃၅ | ၂၈၃၀ | ၂၇၃၀ | ၂၇၄၀ | ၂၇၇၀ | ၂၇၇၅ | ၂၇၇၅ | ၂၉၉၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၉ | ၂၀၃၁ |
| 95 Ron | ၂၀၇၀ | ၂၁၄၅ |
| HSD (500 ppm) | ၂၅၀၁ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၇၂ | ၂၆၅၃ |
| HSD (10 ppm) | ၂၅၇၂ | ၂၆၅၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားသည့် မြိတ်မြို့ရှိ ငါးလေလံဈေးအား အစိုးရနှင့် လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်ပါက ထိုင်းမှငါးဈေးကွက်ကို ပြန်ယူနိုင်မည်



မြိတ် နိုဝင်ဘာ ၁၃

ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားသည့် မြိတ်မြို့ရှိ ငါးလေလံဈေးအား အစိုးရနှင့်လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်ပါက ထိုင်းနိုင်ငံမှ ငါးဈေးကွက်ကို ပြန်လည်ရယူနိုင်မည်ဖြစ်ကြောင်း မြန်မာ အပြည်ပြည်ဆိုင်ရာအဆင့်မီ ငါးလေလံဈေးမှ MD ဒေါ်ဌေးဌေးဝင်းက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်ရှိ အပြည်ပြည်ဆိုင်ရာငါးလေလံဈေးကြီးကို အခြေခံကာ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် ငါးဈေးကွက်ကိုပြန်ယူရန်အတွက် ကြိုးပမ်းခဲ့ကြသော်လည်း လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိဖြစ်ခဲ့ရာ လက်ရှိအခြေအနေတွင် အစိုးရပိုင်းနှင့် လုပ်ငန်းရှင်များအကြား အမှန်တကယ် ပူးပေါင်းဆောင်ရွက်သင့်နေပြီဖြစ်ကြောင်း တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များက ပြောသည်။

မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်တွင် မြန်မာ အပြည်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေးကြီး တစ်ခုတည်ရှိနေပြီး နောက်ထပ်ငါးလေလံဈေးကြီး တစ်ခုလုပ်ဆောင်ရန် လုပ်ငန်းရှင်တချို့ကလည်း ကြိုးစားနေကြောင်း သိရသည်။

"ငါးလေလံဈေးကို စတင်တည်ဆောက်ကတည်းက ထိုင်းရောက်နေတဲ့ငါးဈေးကွက်ကို မြန်မာနိုင်ငံကို ပြန်ရောက်အောင်လုပ်ဖို့ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့၊ နိုင်ငံတော်ကရသင့်ရထိုက်တဲ့ အခွန်အခတွေ မှန်ကန်စွာရရှိဖို့ဆိုပြီး ကျွန်မတို့ ရည်ရွယ်ထားတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်ကတည်းက လုပ်ငန်းရှိနေခဲ့တာပါ။ ကျွန်မတို့နိုင်ငံက သယံဇာတတွေကို ထိုင်းနိုင်ငံထဲအထိ ကုန်ကြမ်းအဆင့်နဲ့ပို့နေရသလို လုပ်သားတွေလည်း သွားရောက်လုပ်ကိုင်နေရတယ်။ မြန်မာနိုင်ငံမှာ ငါးဈေးကွက်ပြန်ရောက်လာဖို့ အစိုးရပိုင်းကလည်း ကူညီပံ့ပိုးမယ်၊ လုပ်ငန်းရှင်တွေအနေနဲ့လည်း အမှန်တကယ်လုပ်ဆောင်ကြမယ်ဆိုရင် ကျွန်မတို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အဆင်သင့်ပါပဲ။ ကျွန်မတို့ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ငါးဈေးကွက် မြန်မာနိုင်ငံကို သေချာပေါက်ပြန်ရောက်လာမှာပါ။ မြေဧက ၁၀၀ ကျော်အပေါ်မှာ အခြေခံအဆောက်အအုံတွေ၊ အအေးခန်းတွေ၊ ကုန်ချောစက်ရုံတွေအများကြီး ရင်းနှီးမြှုပ်နှံလို့ရပါတယ်။ ကျွန်မတို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်''ဟု မြန်မာအပြည်ပြည်ဆိုင်ရာ အဆင့်မီငါးလေလံဈေးမှ MD ဒေါ်ဌေးဌေးဝင်းက ပြောသည်။

မြိတ်မြို့တွင် လက်ရှိလည်ပတ်နေသော အင်းလေးမြိုင်စက်မှုဇုန်ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှာ MIC မှ ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားပြီး မြေဧက ၁၀၀ ကျော်ပေါ်တွင် အခြေခံအဆောက်အအုံများ၊ လေလံဈေး၊ ငါးဖမ်းလှေများဆိုက်ကပ်သည့် တံတားကြီးတစ်စင်းကိုလည်း တည်ဆောက်ထားကြောင်း သိရသည်။

"One Stop Service လုပ်နေတဲ့ ဧရိယာမှာ ငါးလေလံဈေးကို အကောင်ထည်ဖော်ဖို့ဆိုပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာဈေးကွက်အထိ သွားနိုင်တဲ့လေလံဈေးမျိုးမဖြစ်လာတာက အဆောက်အအုံတွေ၊ အအေးခန်းစက်ရုံတွေ မတည်ဆောက်နိုင်တဲ့အခြေအနေဖြစ်သလို၊ တံတားကလည်း ကမ်းကပ်နိုင်တဲ့အခြေအနေမျိုးကနေ အားနည်းလာတာတွေ့ရတယ်။ ကုန်ကြမ်းကို သိုလှောင်တဲ့အအေးခန်းတွေ၊ ရေခဲစက်တွေကလည်း မရှိသေးတော့ နိုင်ငံတကာဈေးကွက်ကို ဖော်ဆောင်နိုင်ဖို့ဆိုတာ အားနည်းသွားတယ်။ နောက်ထပ်တစ်ခါ အများပိုင်အုပ်စုက စုပေါင်းပြီးတော့ ငါးလေလံဈေးအကြီးတစ်ခု တည်ဆောက်ဖို့ဆိုပြီးတော့ အဆိုပြုလာတာတွေ့ရတယ်။ လုပ်ငန်းတော့စတင်နေတာ မတွေ့ရသေးဘူး။ မြေယာရရှိရေးအတွက်ကိုပဲ ကြိုးစားဆောင်ရွက်နေတယ်လို့သိရပါတယ်''ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

ယခင်အစိုးရအဆက်ဆက် Law Informant မလုပ်နိုင်ခဲ့သည့်အတွက် မြန်မာ့သယံဇာတများမှာ ထိုင်းနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး မြိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ငါးလေးလံဈေးကြီးသည် ပုဂ္ဂလိကတစ်ဦးတည်းပိုင်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတော်အစိုးရ (ငါးလုပ်ငန်းဦးစီးဌာန)က ၃၀ ရာခိုင်နှုန်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များက ၁၀ ရာခိုင်နှုန်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ၆၀ ရာခိုင်နှုန်း ပါဝင်ပိုင်ဆိုင်သည့် ငါးလေလံဈေးမှာ ကြန့်ကြာမှုများ ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"လက်ရှိအနေထားက ကိုယ့်ဒေသမှာ ငါးဈေးကွက်မရှိတော့ ဒီကငါးတွေကို ရနောင်းမှာ သွားရောင်းနေရပါတယ်။ ရနောင်းကို သွားရောင်းရတဲ့အခါမှာ သူတို့ဖြတ်တဲ့ သူတို့ပေးတဲ့ဈေးအတိုင်း ရောင်းနေရပါတယ်။ ဈေးပိုတောင်းလို့လည်းမရဘူး။ ဈေးနည်းရင်လည်း ပြန်သယ်လို့မရတဲ့အတွက် သူတို့ပေးတဲ့ဈေးနဲ့ရောင်းခဲ့ရပါတယ်။ ဒီမှာကိုယ်ပိုင်ငါးဈေးကွက်ရှိမယ်ဆိုရင်တော့ ကိုယ်ကြိုက်တဲ့ဈေးခေါ်ရောင်းလို့ရပါမယ်။ ဒါ့ကြောင့် ဘယ်သူပဲလုပ်လုပ် ကိုယ့်ဒေသအတွင်းမှာ ကိုယ်ပိုင်ငါးဈေးကွက်ကောင်းကောင်းတစ်ခု အမြန်ဆုံးအကောင်အထည်ဖော်ဖို့ လိုအပ်နေပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးက ဆက်လက်ပြောသည်။

မြိတ်မြို့နယ် စန္ဒဂုတ်ကျေးရွာအုပ်စုတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ရင်းနှီးမြှုပ်နှံမည်ဆိုသော နိုင်ငံတကာအဆင့်မီ ငါးလေလံဈေးကြီးတစ်ခုတည်ဆောက်ရန် တင်ပြထားမှုအပေါ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းက ဖြစ်နိုင်ဖွယ်ရှိ၊ မရှိ ဆန်းစစ်ချက်များ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းမှာ ခုနစ်နှစ်မှ ရှစ်နှစ်အထိ ကြာမြင့်မည်ဖြစ်ကာ လက်ရှိအနေထားတွင် လယ်ယာမြေကိစ္စများ၊ မြေယာပိုင်ဆိုင်မှုများအတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြင့်ဦး(မြိတ်)

# မြိတ်ခရိုင်ရှိ ကကတစ်ငါး၊ ရေငန်ပုစွန်နှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ တရုတ်နိုင်ငံ စီးပွားရေးသံမှူးနှင့်အဖွဲ့ သွားရောက်လေ့လာ

မြိတ် နိုဝင်ဘာ ၁၃

မြန်မာနိုင်ငံရေထွက်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြိတ်ခရိုင်တွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များနှင့်အညီ မွေးမြူထုတ်လုပ်လျက်ရှိသည့် ကကတစ်ငါး၊ ရေငန်ပုစွန်နှင့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများကို တရုတ်နိုင်ငံစီးပွားရေးသံမှူးနှင့်အဖွဲ့သည် ယမန်နေ့က သွားရောက်လေ့လာကြသည်။

## သွားရောက်လေ့လာ

ကကတစ်ငါး၊ ရေငန်ပုစွန်နှင့် ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးသံမှူး Mr.Tan Shufu နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်အတွင်းရှိ ရေလုပ်ငန်းရှင်များက သွားရောက်လေ့လာကြသည်။

မြိတ်မြို့နယ် ရေမြစ်ကြီးကျေးရွာရှိ United Myeik KMK ကုမ္ပဏီ၏ ကကတစ်ငါး အသားတိုးမွေးမြူခြင်းလုပ်ငန်းသို့ သွားရောက်၍ ရေပြင်တွင် ဖောင် (Cage Culture)ဖြင့် ကကတစ်မွေးမြူဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။



ထိုမှတစ်ဆင့် ကျွန်းစုမြို့နယ် မစမ်းပါးကျေးရွာရှိ ခိုင်ဇင်ယော် ကုမ္ပဏီလီမိတက်၏ ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်၍ ရှင်းလင်းဆောင်ကုန်းမြင့်မှ ပုစွန်ကန်များမွေးမြူ ဆောင်ရွက်နေမှုကို ကြည့်ရှုကြသည်။

ထို့နောက် ကတ္တလူကျေးရွာရှိ ပြည်ဖြိုးထွန်းကုမ္ပဏီ ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြရာ ပုစွန်ပြုတ်ခြောက်လုပ်ငန်း၊ ပုစွန်ကန်များမွေးမြူဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှု၍ ရှင်းလင်းဆောင်ကုန်းမြင့်မှ ပုစွန်ကန်များအား ကြည့်ရှုပြီး ပုစွန်ပြုတ်အေးခဲစက်ရုံ တည်ဆောက်နေမှုများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မရမ်းချောင်းကျေးရွာတွင် ဒေသခံများ မွေးမြူလျက်ရှိသည့် ဂျင်းခရုမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုလေ့လာခဲ့ကြပြီး သန္တုတ်ကျေးရွာ ဒေါင်းကူးမော်ရှိကောင်းကောင်းမွေးမြူရေးကုမ္ပဏီလီမိတက်၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကာ ကဏန်းပျော့ မွေးမြူဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)



# ဟိုပင်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

ဟိုပင် နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် ဟိုပင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

## ပါဝင်ယှဉ်ပြိုင်

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ထိုင်ခုံလုပြိုင်ပွဲ၊ ပူပေါင်းဖောက်ပြိုင်ပွဲများကို စာဖတ်ပရိသတ် မူလတန်းအဆင့် ကလေးငယ် ၁၅ ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသောကလေးများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် စာပေချစ်မြတ်နိုးသူအသင်းဝင်များက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ရွှေစက်တော်ဘုရားပွဲရာသီအမီ သမိုင်းဝင်ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထား

မင်းဘူး နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော် ဘုရားပွဲတော်ရာသီအမီ မင်းဘူး(စကု)မြို့နယ်၏ သမိုင်းဝင် အထင်ကရစေတီတော်တစ်ဆူဖြစ်သော ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီးတွင် ခရီးသွား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားကြောင်း စက္ကိန်းတဲဘုရား ဘဏ္ဍာထိန်းဂေါပက ဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။



ထိုကဲ့သို့ ဘုရားကြီးအား ခရီးသွားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရားဖူးလာ ခရီးသွားပြည်သူများနှင့် ဘုရားကြီးပရိဝုဏ်အတွင်း သီတင်းဆောက်တည်လျက်ရှိကြကုန်သော သာစည်၊ မဟာစည်၊ သာသနာ့ရွှေဂူကျောင်း၊ သစ္စာမေတ္တာကျောင်း၊ ရေစက်ကျောင်း၊ ကျောင်းသစ်ကျောင်း စသော ကျောင်းများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ သောက်သုံးရေနှင့် ချိုးရေများ အခက်အခဲမရှိစေရန် ဂါလန် သုံးသောင်းခွဲဆံ့ ( RC ) အုတ်ရေကန်ကြီးတစ်လုံး၊ ပေ ၄၂၀ အနက်ရှိ အဝီစိတွင်း တစ်တွင်းတူးပေးထားသည့်အပြင် မီးအခက်အခဲမရှိစေရန် ၂၄ နာရီ လျှပ်စစ်မီး သွယ်တန်းထားရှိခြင်းတို့ဖြစ်သည်။

ဘုရားဖူးလာ ဧည့်သည်တော်များအနေဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဖူး၊ ကုသိုလ်ယူ အမျှဝေနိုင်ရန်အတွက် စည်တော်ကြီးနှင့် မောင်းကြီးအား ဆောက်လုပ်ထားရှိကာ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်များအား ရည်မှန်း၍ ဖူးမြော်နိုင်ရန် ဒေသစာရီမြတ်ဗုဒ္ဓနှင့် ရဟန္တာ ၅၆ ပါး ရုပ်တုတော်များလည်း မြောက်ဘက်ကုန်းတော်ပေါ်တွင် ထုလုပ်ပေးထားပြီး ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ အဆင်ပြေပြေ ဖူးမြော်နိုင်ရန် ၁၇၄၂ သိန်းကျော် အကုန်ကျခံ တည်ဆောက်ထားကြောင်း သိရသည်။

ထို့အပြင် ဘုရားပေါ်သို့ အတက်၊ အဆင်းလမ်းနှစ်လမ်းအား မကွေးတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း စက္ကိန်းတဲဘုရား ဘဏ္ဍာထိန်း ဂေါပကဥက္ကဋ္ဌ ဦးကျော်သိန်းက ပြောသည်။

ဇေယျာထက်(မင်းဘူး)



# ရေနံချောင်းမြို့နယ်၌ ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေး

ရေနံချောင်း နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စုများ စားဝတ်နေရေး အထောက်အကူဖြစ်စေရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ယနေ့နံနက် ၇ နာရီက ရေနံချောင်းမြို့ မြို့မဈေးကြီးတောင်ဘက် ကုန်သည်လမ်းပေါ်တွင် ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၏ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ စားဝတ်နေရေး အခက်အခဲကြုံတွေ့နေရသည့် အခြေခံလူတန်းစားအိမ်ထောင်စုများအထိုက်အလျောက်အထောက်အကူဖြစ်စေရန်အတွက် ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ ဖြင့် မြို့နယ်သက်သာချောင်ချိရေးကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက ရောင်းချပေးခဲ့ရာ စုစုပေါင်း ၂၄ ပြည်ပါရှိသည့် ဆန်အိတ်ပေါင်း ၁၀၁ အိတ်ကို ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မံစီမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာရေးသားပြိုင်ပွဲ ကျင်းပ

မံစီ နိုဝင်ဘာ ၁၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မံစီ)၌ ယနေ့ နံနက် ၁၀ နာရီက (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို စာစီစာကုံးနှင့် ကဗျာရေးသားပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများ အမျိုးသားအောင်ပွဲနေ့အကြောင်းသိရှိစေရန်နှင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုရင့်သန်လာစေရန်၊ စာပေများကိုလေ့လာဖတ်ရှုစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးဒေါ်တင်မာဆွေကပြောကြားသည်။ အထက်တန်းအဆင့်ကို “မျိုးချစ်စိတ်ဓာတ်အစ အမျိုးသားနေ့” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်ကို “အမျိုးသားနေ့နှင့် သမိုင်းပေးတာဝန်” ခေါင်းစဉ်ဖြင့်လည်းကောင်း ပြိုင်ပွဲကိုကျင်းပခဲ့ရာ မြို့နယ်အတွင်းမှ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲကျင်းပရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မိုင်းခုတ်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲ ကျင်းပ

မိုင်းခုတ် နိုဝင်ဘာ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များ မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ်များအား အစဉ်အမြဲ အမှတ်ရရှိစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို အခြေခံပညာအထက်တန်းကျောင်း (မိုင်းခုတ်)မှ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၄ ဦး ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုလက်ဆောင်နှင့် အာဟာရဖြည့်မုန့်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စောစောအိပ်လို့ စောစောထလို့
စောစောလမ်းလျှောက်ကြပါစို့

# ပွင့်ဖြူမြို့နယ်၌ ကစော့သီးပင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြသူများ မိသားစုအပိုဝင်ငွေရရှိ

ပွင့်ဖြူ နိုဝင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မြေအောက်ရေဖြင့် တစ်ပိုင်တစ်နိုင် ကစော့သီးပင်စိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကွက်အတွင်း ဆွတ်ခူးရောင်းချနေရသဖြင့် ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံက သိရသည်။



"ကျွန်တော်တို့မြို့နယ်က ဒေသခံတောင်သူ တွေဟာ မိမိတို့ရဲ့နေအိမ်ဝိုင်းကွက်များရှိ မြေကွက်လပ်မှာ စားဖိုဆောင်သီးနှံမျိုးစုံကို မြေအောက်ရေနဲ့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါတယ်။ စားဖိုဆောင်သီးနှံတွေထဲမှာ ကစော့သီးဟာလည်း အခြားသော သားငါးများနှင့် ရောနှောချက်ပြုတ်ရာတွင်လည်းကောင်း၊ တို့စရာအဖြစ် စားသုံးရာတွင်လည်းကောင်း အရသာရှိတဲ့ သီးနှံတစ်မျိုးဖြစ်လို့ စားသုံးသူတွေ အကြိုက်တွေ့ ဝယ်ယူစားသုံးကြပါတယ်။ ကျွန်တော်အနေနဲ့ ကစော့သီးပင် စိုက်ပျိုးတုန်းက ကိုယ့်အိမ်မိသားစုစားဖို့လောက်ပဲ စိုက်ပျိုးခဲ့တာ။ ဆွတ်ခူးလို့ရတဲ့ အချိန်မှာ ကိုယ့်အိမ်အတွက် ဟင်းချက်စားဖို့ လုံလောက်တဲ့အပြင် ပိုလျှံနေတာကြောင့် ဈေးကိုသွားပြီး ရောင်းတာ တစ်ပိသာကို ငွေကျပ် ၂၀၀၀ ဈေးနဲ့ ရောင်းခဲ့ရတယ်။ ဒါ့ကြောင့် စားဖိုဆောင်သီးနှံဖြစ်တဲ့ ကစော့သီးပင်စိုက်ပျိုးရေးကို တောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ် အကုန်အကျသက်သာစွာနဲ့ စိုက်ပျိုးနိုင်သလို ဈေးကောင်းလည်းရရှိတာကြောင့် မိသားစုအပိုဝင်ငွေရအောင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြစေချင်တယ်"ဟု ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်မှ တစ်ပိုင်တစ်နိုင် စားဖိုဆောင်သီးနှံစိုက်ပျိုးသည့် ဒေသခံတစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စု ကျေးရွာပေါင်း ၂၀၅ ရွာရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးအဆင်ပြေသည့်အတွက် မိသားစုဝင်ငွေတိုးပွားအောင် စားဖိုဆောင်သီးနှံတို့ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။ ထိုသို့ စိုက်ပျိုးရာတွင် အချို့တောင်သူများက သီးထပ်သီးညှပ်အဖြစ် နှစ်သီးစား၊ သုံးသီးစားစနစ် စိုက်ပျိုးကြပြီး စိုက်ပျိုးမြေနှင့် ရာသီဥတုမျှတ ကောင်းမွန်သည့်အတွက် တစ်ပိုင်တစ်နိုင် စားဖိုဆောင်သီးနှံစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းပြီး လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



## သာပေါင်းမြို့နယ်၌ ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့ သတ်မှတ်ဆောင်ရွက်လျက်ရှိ

သာပေါင်း နိုဝင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှပြည်သူများ ကြွပ်ကြွပ်အိတ်၊တစ်ခါသုံး ပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့အဖြစ် သတ်မှတ်ချက်အား လိုက်နာမှုရှိစေရေး အသိပညာပေးခြင်း၊ စိစစ်ကြပ်မတ်စစ်ဆေးခြင်းတို့ကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်း ၇ နာရီတွင် သီရိရွှေသာဈေးအတွင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ မသုံးစွဲရေးအသိပေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့်ဝန်ထမ်းများက သီရိရွှေသာဈေးရှိ ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ငှက်ပျောဖက်၊ သတင်းစာစက္ကူတို့ဖြင့် သင့်တော်ရာအစားထိုး ထုပ်ပိုးသုံးစွဲစေရေးအတွက် ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကိုင်စပီကာများနှင့် ပြည်သူများပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးနှိုးဆော်ပြီး လိုက်လံစိစစ်ကြပ်မတ်၍ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အသုံးပြုသူတွေ့ရှိပါက စီမံဒဏ်ကြေး ငွေပေးဆောင်စေပြီး အရေးယူဆောင်ရွက်လျက်ရှိရာ ပြည်သူများမှ ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သာပေါင်း(ပြန်/ဆက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျား၊မရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline – DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Viber Helpline – DSW (၀၉-၈၈၉၉၁၁၁၄၄)   Helpline 1566   Helpline – DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး အထူးအလေးထားကာကွယ်ပေးသွားပါမည်။


## အောင်လံမြို့၌ ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ ဖြင့် ရောင်းချ

အောင်လံ နိုဝင်ဘာ ၁၃



မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစားများ စားဝတ်နေရေး အထောက်အကူဖြစ်စေရန် အခြေခံစားကုန်ဖြစ်သော ဆန်ရောင်းချခြင်းကို ယနေ့နံနက်၁၀ နာရီခွဲက အောင်လံမြို့ စက်ရုံရပ်ကွက်နှင့် စမ်းချောင်းရပ်ကွက်တို့၌ ရောင်းချခဲ့သည်။

အဆိုပါဆန်ရောင်းချခြင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် အခြေခံစားကုန်ဖြစ်သော ဆန်တစ်ပြည်လျှင် ကျပ် ၁၅၀၀ ဖြင့် ဆန်အိတ် ၄၅ အိတ်အား ပြည်သူတစ်ဦးလျှင် တစ်ပြည်နှုန်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

## ပေါက်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ကူးစက်ခံခဲ့ရသူများကို ဆန်များ လှူဒါန်း

ပေါက်တော နိုဝင်ဘာ ၁၃

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသူများအား ဆန်ထောက်ပံ့လှူဒါန်းပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရသူများကို တာဝန်ရှိသူများက ဆန်ထောက်ပံ့လှူဒါန်းပေးကြသည်။

ယင်းသို့ လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၄ ဦးကို ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ကို ASEAN+3 နိုင်ငံများ၏ အစီအစဉ်ဖြင့် တစ်ကီလိုလျှင် ငွေကျပ် ၉၀၀ နှုန်းဖြင့် လူတစ်ဦးလျှင် ဆန်ခုနစ် ကီလိုနှုန်းဖြင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

❖

ပုံပြင်

# တစ်လုံး၊ နှစ်လုံး၊ သုံးလုံး

မင်းယုဝေ

တစ်ခါသော် မိန်းမကြီးတစ်ယောက်တွင် သမီးသုံးယောက်ရှိ၏။ သူတို့အနက် သမီးနှစ်ယောက်သည် လူသာမန်တို့နှင့်မတူ ထူးခြားလှ၏။ အကြီးဆုံးသမီးသည် မျက်လုံးတစ်လုံးသာရှိ၏။ ထိုတစ်လုံးတည်းသောမျက်လုံးသည်လည်း မိန်းကလေး၏ နဖူးအလယ်တွင် တည်ရှိလေသည်။ ယင်းသို့ မျက်လုံးတစ်လုံးသာရှိသဖြင့် သူ့အမည်မှာ 'တစ်လုံး' ဟုတွင်၏။ ဒုတိယသမီးကား အခြားသူများကဲ့သို့ ထုံးစံအတိုင်း မျက်လုံးနှစ်လုံးရှိလေသည်။ ထို့ကြောင့် သူ့အား 'နှစ်လုံး' ဟုခေါ်ကြ၏။ တတိယသမီးမှာမူ မျက်လုံးသုံးလုံးရှိလေသည်။ သူ့၌ မျက်လုံးနှစ်လုံးသည် ထုံးစံအတိုင်းတည်ရှိသော်လည်း အခြားမျက်လုံးတစ်လုံးမှာမူ သူ၏နဖူးအလယ်တည့်တည့်တွင် တည်ရှိလေသည်။ သူ့အမည်မှာ ' သုံးလုံး'ဟုတွင်လေသည်။

မိခင်သည် ထူးခြားသောရုပ်ရည်ရှိသည့် တစ်လုံးနှင့် သုံးလုံးကိုသာ အရေးပေးလေသည်။ ဤတွင် သူလိုငါလိုမျှသာဖြစ်သော နှစ်လုံးမှာ အရာရာတွင် မျက်နှာငယ်ရှာ၏။ ဘေးဖယ်ထားခြင်း ခံရရှာ၏။ အစ်မနှင့်ညီမတို့၏ ပြုငြင်မှုကို အောင့်အည်းသည်းခံရရှာ၏။ စားရာ၌လည်းကောင်း၊ ဝတ်ရာ၌လည်းကောင်း တစ်လုံးနှင့်သုံးလုံးတို့ မစားလို၊ မဝတ်လိုသည်ကိုမှ စားရ၊ ဝတ်ရရှာ၏။ သို့ရာတွင် မိန်းကလေးသည် စိတ်နှလုံးကောင်းသည်ဖြစ်ရကား သည်းခံကာသာနေလေသည်။

တစ်နေ့သောအခါ နှစ်လုံးသည် ဆိတ်ကျောင်းရန် အိမ်မှထွက်လာခဲ့လေ၏။ ထိုနေ့အဖို့ အစာမဝတဝသာစားရသဖြင့် သူ့ခမျာ အလွန်ဆာလောင်လျက်ရှိလေသည်။ သူသည် ဆာလွန်းလှသဖြင့် ကျောက်တုံးတစ်ခုပေါ်တွင်ထိုင်ကာ သည်းထန်စွာငိုကြွေးနေလေ၏။ အတန်ကြာငိုကြွေးပြီးနောက် မော့ကြည့်လိုက်သောအခါ သူ့အနီးတွင် မိန်းမရွယ်တစ်ယောက်ရပ်နေသည်ကို တွေ့ရလေ၏။ ထိုမိန်းမရွယ်က သူ့အား "အဘယ်ကြောင့် ငိုရသနည်း"ဟု မေးမြန်း၏။ အကြောင်းစုံပြောပြလျက် အလွန်ဆာလောင်မွတ်သိပ်ခြင်းကြောင့် ငိုရပါသည်ဟု ဖြေကြားလေသည်။ ထိုအခါ မိန်းမရွယ်သည် သူ့အားနှစ်သိမ့်စေပြီးနောက်...

"မိန်းကလေး.. သင်သည် သင်၏ဆိတ်ကို အနီးသို့ခေါ်၍ ဤဂါထာကို ရွတ်ပါလေ" ဟုဆိုလေ၏။

ထိုဂါထာကား "ဆိတ်... ဆိတ်... မြည်စမ်းပါ။ မွန်မြတ်လှသည့် စားဖွယ်ရာ"ဟူ၍ ဖြစ်လေသည်။

"ထိုဂါထာကိုရွတ်လျှင် စားသောက်ဖွယ်ရာများ ရောက်ရှိလာပါလိမ့်မည်" ဟု မိန်းမက ဆိုလေသည်။

တစ်ဖန် အစာစားပြီးသောအခါ၌ "ဆိတ်.. ဆိတ်.. မြည်စမ်းပါ။ ပျောက်ကွယ်စမ်းပါ စားစရာဟု ဆိုပါက စားစရာများ ပျောက်ကွယ်သွားလိမ့်မည်"ဟု ဆိုလေသည်။

နှစ်လုံးလည်း ထိုမိန်းမထွက်သွားလျှင်ပင် သူသင်ကြားထားခဲ့သည့်အတိုင်း ဆိတ်ကို အနီးသို့ခေါ်၍ ပထမဂါထာကို ရွတ်လေ၏။ ချက်ချင်းပင် အရသာရှိသည့် စားစရာများအပြည့်ပါသော စားပွဲတစ်ခု ရှေ့၌ပေါ်လာလေ၏။ မိန်းကလေးလည်း ဝမ်းသာအားရစားသောက်လေသည်။ ပြီးလျှင် ဒုတိယဂါထာကို ရွတ်ပြန်၏။ ထိုအခါ ထိုစားပွဲသည် ပျောက်ကွယ်သွားလေသည်။

ညနေခင်း၌ သူသည် အိမ်ပြန်သွားသောအခါ အိမ်သားများက သူ့အတွက် စားစရာအနည်းငယ်ကို မြေခွက်တစ်ခုတွင် ထည့်၍ချန်ထားသည်ကို တွေ့ရလေ၏။ သူသည် ထိုအစာကို လက်ဖျားနှင့်ပင် မတို့ချေ။ နောက်တစ်နေ့နံနက်တွင်လည်း သူသည် အိမ်မှပေးသည့်အစားအစာများကို လုံးဝမစားဘဲ ဆိတ်ကျောင်းရန် ထွက်သွားလေသည်။ သူ ထိုသို့မစားဘဲနေသည်ကို ပထမသော် မည်သူမျှမသိကြပေ။ ဒုတိယအကြိမ်တွင်လည်း သတိမထားမိကြသေးပေ။ သို့သော် တတိယအကြိမ်၌ကား တစ်လုံးနှင့် သုံးလုံးတို့သည် သတိထားမိသွားကြသည်။ ဤတွင် အဘယ်ကြောင့် နှစ်လုံး အစာမစားသည်ကို သိလိုလာကြသည်။ ထို့ကြောင့် နောက်တစ်နေ့၌ တစ်လုံးကို နှစ်လုံးနှင့်အတူ ဆိတ်ကျောင်းထည့်လိုက်လေ၏။ တစ်လုံးက သူသည် ဆိတ်များကို နှစ်လုံး ကောင်းစွာထိန်း၊ မထိန်း သိရှိလို၍ လိုက်ခဲ့သည်ဟု အကြောင်းပြလေသည်။

မည်သို့ပင်ဖြစ်စေ နှစ်လုံးသည် တစ်လုံး၏အကြံကို ရိပ်မိလေသည်။ ထို့ကြောင့် ဆိတ်ကို မြက်ပေါ်ရာနေရာတွင် လွှတ်ထားလိုက်လေ၏။ ထို့နောက် တစ်လုံးကို ခေါ်ပြီးလျှင် သီချင်းဆိုပြမည်ဟု ဆိုလေသည်။ သူသည်...

"အိပ်ပြီလား တစ်လုံးရယ်... သင်အိပ်ပျော်ပြီလားကွယ်" ဟူသောသီချင်းကိုဆိုလေသည်။ သူသည် ထိုသီချင်းကို ထပ်ကာထပ်ကာ သီဆိုနေလေရာ ကြာသော် တစ်လုံးသည် တကယ်ပင် အိပ်ပျော်၍သွားလေတော့၏။ နှစ်လုံးသည် တစ်လုံးအိပ်ပျော်သွားသောအခါ ဂါထာကိုရွတ်၍ စားစရာများကို စားသောက်လေ၏။ ပြီးလျှင် ဂါထာရွတ်၍ စားစရာများကို ပျောက်ကွယ်စေပြန်၏။ ထို့နောက်တစ်လုံးအား အိပ်ပျော်ရာမှနှိုး၍ အိမ်သို့ပြန်ခဲ့ကြလေ၏။ အိမ်သို့ရောက်သော် နှစ်လုံးသည် ခါတိုင်းကဲ့သို့ အစာမစားဘဲ နေပြန်လေသည်။

မိခင်က တစ်လုံးအား နှစ်လုံးအကြောင်းကို သိခဲ့ရပြီလောဟု မေးမြန်း၏။ တစ်လုံးက သူအိပ်ပျော်သွားသဖြင့် မသိရှိခဲ့ရကြောင်း ပြောပြလေသည်။ ထို့ကြောင့် နောက်တစ်နေ့နံနက်တွင် မိခင်သည် နှစ်လုံးဆိတ်ကျောင်းရာသို့ သုံးလုံးကို ထည့်လိုက်ပြန်လေ၏။ နှစ်လုံးသည် သုံးလုံး အဘယ်ကြောင့် သူ့နောက်သို့ လိုက်လာကြောင်းသိသဖြင့် ရှေးနည်းတူ သီချင်းဆိုကာ သိပ်ရန်ကြံစည်ပြန်လေ၏။

သို့ရာတွင် သူသည် သီချင်းဆိုရာ၌ မှားယွင်း၍ ဆိုမိလေသည်။


"အိပ်နေသေးလား သုံးလုံး.. သင်သည် အိပ်ပျော်နေသလား သုံးလုံး"ဟု ဆိုရမည့်အစား...

"နိုးနေသလား သုံးလုံး၊ သင်သည် အိပ်နေသလား သုံးလုံး"ဟူ၍ ဆိုမိလေ၏။ ထို့ကြောင့် သုံးလုံး၏ မျက်လုံးနှစ်လုံးသည် အိပ်ပျော်သွားသော်လည်း တစ်လုံးက နိုးလျက်ကျန်ခဲ့လေသည်။ သို့သော် သူသည် ထိုမျက်လုံးကိုပါမှိတ်လျက် အိပ်ပျော်နေဟန်ဆောင်၍ နေလေ၏။ ထို့ကြောင့် နှစ်လုံးက သူအိပ်ပျော်နေပြီအမှတ်ဖြင့် စားစရာများကို ဂါထာရွတ်ကာ စားသောက်လေ၏။ ထိုအခါ သုံးလုံးသည် အကြောင်းစုံကို သိရှိသွားလေသည်။ ထိုအကြောင်းကို မသိသောနှစ်လုံးသည် ညနေစောင်းသောအခါ ညီမဖြစ်သူကိုနှိုး၍ အိမ်သို့ပြန်လာခဲ့လေ၏။

အိမ်သို့ပြန်ရောက်သောအခါ နှစ်လုံးသည် ဘာကိုမျှ မစားဘဲနေပြန်လေ၏။ သုံးလုံးသည် အကြောင်းစုံကို မိခင်အား ပြန်ပြောပြလေ၏။ မိခင်သည် ထိုသို့သိရသောအခါ အလွန်ဒေါသထွက်သဖြင့် ဆိတ်ကို သတ်ပစ်လိုက်လေ၏။ နှစ်လုံးသည် အလွန်ပင် ဝမ်းနည်းလှသဖြင့် အိမ်မှထွက်သွားသည်။ ဆိတ်ကျောင်းသည့်စားကျက်တွင် သွားရောက်ထိုင်ကာ ငိုကြွေးနေလေ၏။ ထိုအခါ ယခင်မိန်းမသည် သူ့ထံ ရောက်လာပြန်ပြီး "အဘယ်ကြောင့် ငိုကြွေးသနည်း" ဟု မေးမြန်းလေ၏။

နှစ်လုံးသည် သူ၏ဆိတ် သေသွားပြီဖြစ်ကြောင်း၊ နောင်အခါ သူသည် အစာမဝတဝပင် စားရဦးတော့မည်ဖြစ်ကြောင်း ပြောပြ၏။ **စာမျက်နှာ ၂၁ သို့** ❖

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



❖ စာမျက်နှာ ၂၀ မှ

ထိုအခါ မိန်းမက

"မိန်းကလေး၊ မစိုးရိမ်လင့်။ သင့်မိခင်ထံတွင် ဆိတ်၏ကလီစာများကို တောင်းယူလေ၊ ပြီးလျှင် ၎င်းကလီစာများကို အိမ်ရှေ့တွင် မြှုပ်ထားပါ။ ထိုသို့ ပြုလုပ်လျှင် သူ၏ရှေ့ရေးသည် ချမ်းမြေ့ဖွယ်ရာ ဖြစ်လာလိမ့်မည်"ဟုဆိုလေသည်။

နှစ်လုံးသည် အိမ်သို့ပြန်သွားကာ ဆိတ်ကလီစာများကိုတောင်း၏။ အစ်မနှင့်ညီမတို့လည်း သူတို့အလို မရှိသောဆိတ်ကလီစာများကို နှစ်လုံးက အောက်ကျို့ကာ တောင်းနေသည်ကို တွေ့ရလျှင် အလွန်ရယ်မောကြ၏။ ပြီးနောက် ကလီစာများကို ပေးလိုက်ကြလေ၏။ နှစ်လုံးသည် ညလူခြေတိတ်သောအခါ ထိုဆိတ်ကလီစာများကို အိမ်ရှေ့တွင် မြှုပ်နှံထားလိုက်လေ၏။

နောက်တစ်နေ့နံနက်တွင် အိမ်ရှေ့၌သစ်ပင်ကြီး တစ်ပင်ထူးဆန်းစွာပေါက်နေသည်ကို လူအများ တွေ့ကြရလေ၏။ ထိုသစ်ပင်၏ အရွက်များမှာ ငွေစင်အတိ ပြီးသည်။ အသီးများမှာ ရွှေသားအတိပြီးသည်။ ယင်းတို့သည် တစ်ပင်လုံးပြွတ်နေအောင် သီးလျက်ရှိလေသည်။ ထိုသစ်ပင်ကြီး မည်သို့မည်ပုံ ပေါ်ပေါက်လာသည်ကို အခြားမည်သူမှ မပြောနိုင်ကြပေ။ နှစ်လုံးကမူ ထိုသစ်ပင်ကြီးသည် ဆိတ်ကလီစာများ မြှုပ်ထားသည့်နေရာတည့်တည့်မှ ပေါက်နေကြောင်း ကောင်းစွာသိရှိလေသည်။ မိခင်ကမူ ထိုအကြောင်း ကြာရှည်တွေးတောမနေတော့ဘဲ တစ်လုံးအား သစ်ပင်ပေါ်သို့တက်ကာ အသီးများ ခူးစေ၏။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## အေဘရာဟင်လင်ကွန်း

အေဘရာဟင်လင်ကွန်းကို အမေရိကန်ပြည်ထောင်စု ကင်တပ်ကီရှိ နော်လင်ခရိ(ခ်)၌ ၁၈၀၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူသည် အမေရိကန်ပြည်တွင်းစစ်ကာလအတွင်း အမေရိကန်ပြည်ထောင်စု၏သမ္မတဖြစ်ခဲ့သည်။ သူသည် အသက် (၅၆) နှစ်အရွယ် ၁၈၆၅ ခုနှစ်တွင် လုပ်ကြံခံခဲ့ရပါသည်။

ရာဟင်လင်ကွန်းသည် အလွန်ဆင်းရဲသော မိသားစု၏ သစ်လုံးအိမ်ငယ်ထဲတွင် မွေးဖွားခဲ့ပါသည်။ သူသည် သူ့မိဘများ၏ အိမ်မှုကိစ္စများ ကူညီဆောင်ရွက်ခြင်းဖြင့် သူ၏ကလေးဘဝကာလများကို အချိန်ကုန်ခဲ့ရသည်။ သူ့အတွက် ကျောင်းနေရန် အခွင့်အလမ်းက ခက်ခဲလွန်းလှသည်။ သို့ရာတွင် သူသည် စာဖတ်ခြင်းကို နှစ်သက်မြတ်နိုးခဲ့သည်။ 'ဆယ့်နှစ်နှစ်ပြည့်ပြီးနောက် သူ့ရဲ့လက်ထဲမှာ သို့မဟုတ် အိပ်ကပ်ထဲမှာ စာအုပ်တစ်အုပ်မရှိတာကို ကျွန်တော်ဘယ်တော့မှမတွေ့ခဲ့ဘူး' ဟု ဆွေမျိုးတစ်ဦးက ပြောခဲ့သည်။ စာအုပ်များသည် ရှားပါးပြီး ဈေးကြီးသောကြောင့် လင်ကွန်းသည် သမ္မာကျမ်းစာနှင့် ဈေးအနည်းငယ်သာတန်ဖိုးရှိသော ဝတ္ထုစာအုပ်များကို ထပ်ခါထပ်ခါဖတ်ခဲ့သည်။

သူ့အသက် (၂၂) နှစ်ပြည့်သောအခါ လင်ကွန်းသည် နေအိမ်မှထွက်၍ အီလီနွိုက်စ်တွင် အခြေချခဲ့သည်။ သူသည် နောက်ဆုံးတွင် အလွန်အောင်မြင်သော အရည်အချင်းပြည့်ဝသည့် ရှေ့နေတစ်ဦးဖြစ်မလာခင်အထိ အလုပ်အမျိုးမျိုးကို ကြိုးစားလုပ်ခဲ့ရသည်။ အီလီနွိုက်စ်အထွေထွေလွှတ်တော်တွင် နှစ်ပေါင်းများစွာအလုပ်လုပ်ရင်း အီလီနွိုက်စ်တွင် ရှိခဲ့စဉ်က သူသည် နိုင်ငံရေးနှင့် ပတ်သက်လာခဲ့သည်။ ထို့နောက် အမေရိကန်ပြည်ထောင်စု ဆီးနိတ်လွှတ်တော်တွင် နေရာတစ်နေရာရရှိရန် ကြိုးပမ်းမှု မအောင်မြင်ခဲ့စဉ်က သူသည် ကွန်ဂရက်လွှတ်တော်တွင် အလုပ်သင်တစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ ကျွန်ပြုမှုကိုဆန့်ကျင်သော အပြင်းအထန်စကားစစ်ထိုးပွဲများတွင် ပါဝင်ဆင်နွှဲသောအခါ အမျိုးသားရေးအာရုံစိုက်မှုရှိလာခဲ့သည်။ ဤသို့ဖြင့် သူသည် စွမ်းရည်ရှိသော ဟောပြောသူတစ်ဦးအဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ကျွန်ပြုမှုဆန့်ကျင်ရေးလှုပ်ရှားမှု၏ခေါင်းဆောင်များအနက် တစ်ဦးအပါအဝင်ဖြစ်လာခဲ့သည်။

၁၈၆၀ ပြည့်နှစ်တွင် သူသည် အမေရိကန်ပြည်ထောင်စု၏သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။ သူ့အားရွေးချယ်ပြီးစဉ် (ကျွန်ပြုမှုကို ခွင့်ပြုထားသော) တောင်ပိုင်းပြည်နယ်များသည် အမေရိကန်ပြည်ထောင်စုမှ လွတ်မြောက်အောင်လုပ်၍ တောင်ပိုင်းအဖွဲ့ (Southern Confederacy) ဟု အမည်တွင်သော လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ် ပြန်လည်စုစည်းခဲ့ကြသည်။ ယင်းသည် ၁၈၆၅ ခုနှစ်တိုင်အောင် ကြာမြင့်ခဲ့သော အမေရိကန်ပြည်တွင်းစစ်၏အစပင်ဖြစ်သည်။ စစ်ပွဲအလယ်ပိုင်းကာလ ၁၈၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုရှိ ကျွန်အားလုံးကို လွပ်လပ်မှုပေးခဲ့သော လွတ်မြောက်စေခြင်း အမိန့်ပြန်တမ်းကို သူကြေညာခဲ့သည်။ (အမှန်အားဖြင့် တောင်ပိုင်းသားများသည် စစ်ပွဲတွင်ရှုံးနိမ့်ခဲ့သည့်တိုင်အောင် သူတို့၏ကျွန်များကို လွှတ်မပေးခဲ့ချေ။)

၁၈၆၃ ခုနှစ်နောက်ပိုင်းတွင် (မြောက်ပိုင်းပြည်နယ်များ၏ ယူနီယံစစ်တပ်များက အနိုင်ရခဲ့ပြီးသော) ကြောက်မက်ဖွယ်ရာ ဂက်တီစ်ဘာ့(ဂ်)စစ်ပွဲအပြီး စစ်သားများ၏ သုသာန်ရည်စူးနှစ်မြှုပ်မှုတွင် လင်ကွန်းက မိန့်ခွန်းပြောကြားခဲ့သည်။ ထိုအချိန်တွင် လူအနည်းငယ်ကသာ သိရှိသဘောပေါက်ခဲ့ကြသည်။ သို့ရာတွင် လင်ကွန်းအနေဖြင့် အမှန်တကယ် ဒီမိုကရေစီစိတ်ဓာတ်ကို ပေါင်းရုံးဖော်ပြခဲ့ခြင်းဖြစ်သည်။ သေဆုံးခဲ့ပြီးသော စစ်သားများကို သူပြောခဲ့သည်။

"ပြည်သူ့ရဲ့ အစိုးရဟာ ပြည်သူ့အားဖြင့်၊ ပြည်သူ့အတွက်ဆိုရင် ကမ္ဘာမြေကြီးမှ ဆုံးပါးလိမ့်မည်မဟုတ်ပါ"

လင်ကွန်းတွင် စစ်ပွဲကြောင့်ဖြစ်ပွားသောဒဏ်ရာများကို ပျောက်ကင်းရန်အတွက် အစီအစဉ်များ ရှိခဲ့သည်။ သို့ရာတွင် သူသည် ယင်းတို့ကို မဆောင်ရွက်နိုင်မီ လုပ်ကြံမှုခံခဲ့ရသည်။ ကဇာတ်ရုံတစ်ခုတွင် သူသည် တောင်ပိုင်းပြည်နယ်သားများကို အယူသီးထောက်ခံသူတစ်ဦးဖြစ်သော ဂျွန်ဝိုက်(ခ)(စ်)ဘွတ်(ထ်)၏ သေနတ်ပစ်ခံရပြီး သေဆုံးခဲ့ရသည်။ ။

■

## မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)



(ဆက်လက်ဖော်ပြပါမည်)

ကဗျာ

# အမျိုးသားနေ့မှ တော်လှန်ရေးသို့

✧ သိလော့မြန်မာ၊ တိုင်းရင်းချာတို့
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။

✧ ယမန်ခါက၊ ဤကာလဝ်
နှိမ့်ချမာန်ရစ်၊ ကျွန်စနစ်ကြောင့်
နွမ်းညစ်ရောင်ဝါ၊ ကျွန်ပညာကို
ကောင်းစွာလက်နက်၊ သပိတ်စက်ဖြင့်
ထက်မြက်ရှင်ပျူ၊ ပြင်ဆင်ကြသည်
အစတော်လှန်ရေးပါတကား။

✧ သိလော့မြန်မာ၊ တိုင်းရင်းချာတို့
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။

✧ တစ်ဖန်ထိုမှ၊ စိတ်မာန်ကြွ၍
နှိမ်ချကာနင်း၊ တရားကင်းသည့်
မှုခင်းတိုင်းကို၊ ဝိုင်းဝန်းဖြိုခဲ့
ကြည်ညိုကြိုက်ခဲ၊ တို့အသဲ၌
စွဲမြဲ,ညောင်း၊ မပျက်ကောင်းသည်
ကိန်းအောင်းတော်လှန်စိတ်ပါတကား။

✧ သိလော့ကမ္ဘာ၊ တိုင်းဖြာဖြာကို
တို့ရွာတို့စိုး၊ တို့လူမျိုးကား
နှိမ်ချိုးမခံ၊ မြဲတော်လှန်၏။

✧ ဠဲမာန်ကြွကြွ၊ အင်အားပြခဲ့
လွတ်ရမည်ခဲ၊ လွတ်မည်စွဲ၍
တိုက်ပွဲမျိုးမျိုး၊ ဖုံဖုံကြိုး၏
တို့မျိုးသာစံ၊ တိုနိုင်ငံ၌
တို့ဆန်စပါး၊ တို့သာစားဟု
မခြားနေ့ည၊ ဆောင်ရွက်ကြ၍
လွတ်ရတိုင်းခွင်၊ မကြာခင်တည်
အင်အားမချို့၊ တွဲမညို့သည်
ငါတို့တော်လှန်မျိုးပါတကား။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၉၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၃၃,၁၈၇) အား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၆၇၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၉၄၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၂-၁၁-၂၀၂၂) ရက်နေ့ အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၄၀,၁၄၄) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၁၂,၇၀၈) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၂) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု (၁၂- ၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၄၀,၁၄၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၁၂,၇၀၈ |

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၈၉၅၂၃၆ | ၉၇၄၂၇၀၄၇ | ၁၁၀၀၁၂၅ |
| ၂။ | အိန္ဒိယ | ၄၄၆၆၆၃၇၇ | ၄၄၁၂၃၅၃၉ | ၅၃၀၅၃၁ |
| ၃။ | ပြင်သစ် | ၃၇၁၀၀၀၁၈ | ၃၆၄၄၂၁၁၇ | ၁၅၇၇၀၄ |
| ၄။ | ဂျာမနီ | ၃၆၀၃၃၃၉၄ | ၃၄၉၂၉၅၀၀ | ၁၅၅၅၈၈ |
| ၅။ | ဘရာဇီး | ၃၄၉၅၄၆၈၀ | ၃၄၁၁၅၁၈၈ | ၆၈၈၇၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၆၁၉၄၂၂၉ | ၂၅၃၆၆၅၃၈ | ၂၉၆၆၅ |
| ၇။ | ဗြိတိန် | ၂၃၉၅၄၁၉၂ | ၂၃၆၄၁၁၁၀ | ၁၉၅၅၃၀ |
| ၈။ | အီတလီ | ၂၃၈၂၃၁၉၂ | ၂၃၂၂၄၆၅၃ | ၁၇၉၉၈၅ |
| ၉။ | ဂျပန် | ၂၃၁၇၈၇၁၀ | ၂၀၅၅၈၆၄၂ | ၄၇၅၇၉ |
| ၁၀။ | ရုရှား | ၂၁၄၉၉၉၅၂ | ၂၀၉၀၁၅၁၇ | ၃၉၁၀၂၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၈၆၈၉ | ၁၀၆၀၅၉၃၇ | ၄၃၁၆၆ |
| ၂။ | အင်ဒိုနီးရှား | ၆၅၆၁၅၀၄ | ၆၃၅၂၆၀၆ | ၁၅၉၁၀၄ |
| ၃။ | မလေးရှား | ၄၉၄၆၅၈၃ | ၄၈၇၈၈၂၈ | ၃၆၅၄၆ |
| ၄။ | ထိုင်း | ၄၆၉၅၂၀၇ | ၄၆၄၉၅၀၉ | ၃၂၉၉၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၁၆၄၀၁ | ၃၉၃၄၃၄၄ | ၆၄၃၈၂ |
| ၆။ | စင်ကာပူ | ၂၁၃၈၅၉၈ | ၂၀၅၉၃၉၈ | ၁၆၉၄ |
| ၇။ | မြန်မာ | ၆၃၂၆၇၉ | ၆၀၆၉၄၆ | ၁၉၄၈၆ |
| ၈။ | ဘရူနိုင်း | ၂၄၁၀၄၄ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၃၅၇ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၆ | ၁၃၄၉၆၀ | ၃၀၅၆ |

## ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဒေးဒရဲ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၏ မိုးစပါးအထွက်နှုန်းအား သိရှိနိုင်ရန်ရည်ရွယ်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ချောင်းဖျားကျေးရွာ တောင်သူဒေါ်ခင်ဥ၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံရှိ လယ်မြေတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**တက်ရောက်**

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းထွန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ထို့နောက် တောင်သူဒေါ်ခင်ဥ၏ ကွင်းအမှတ်(၂၅၂) ဦးပိုင်အမှတ် (၂/၂)ရှိ မိုးစပါးစံကွက်အား ရိတ်သိမ်းခဲ့ရာ သင့်ကိုယ်စားပြုဧရိယာ ဧက ၂၅၀ အတွက် တစ်ဧကခြောက်သွေ့ပြီး ၆၆ ဒသမ ၈၀ တင်း ထွက်ရှိကြောင်း သိရသည်။

၂၀၇

## မုဒုံမြို့နယ်၌ ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေး

**မုဒုံ နိုဝင်ဘာ ၁၃**

ငါးထုတ်လုပ်မှုတိုးတက်ရေးနှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ်စားသုံးနိုင်ရေးအတွက် မုဒုံမြို့နယ် ကင်းချောင်းကျေးရွာအုပ်ချုပ်ရေးရုံး၌ ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေးဟောပြောခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းဇော်က မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဘက်ထရီရှော့တိုက်၊ အဆိပ်ချ၊ ဆေးချ ငါးဖမ်းနည်းဖြင့် မဖမ်းဆီးရေး၊ သေးငယ်သော ပိုက်ကွက် တစ်လက်မ အောက်ဖြင့် ငါးဖမ်းဆီးခြင်းမပြုရေး၊ ဒုတိယဦးစီးမှူး ဒေါ်ခင်မာမြင့်က ငါးဖမ်းရေလုပ်သားများအား လူကုန်ကူးမှုတားဆီးရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် သက်ဆိုင်သည့်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ ကင်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်သား၂၀ တက်ရောက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၁-၁၁-၂၀၂၂ ရက်မှအဆက်

'မ' ခုထိ သတ္တိရှိပါသေးတယ် ဆရာ။ 'မ' အနားမှာ ဆရာရှိနေသရွေ့ 'မ' သတ္တိဟာလည်း နည်းနည်းမှ မလျော့နိုင်သေးပါဘူး"

'မ' က ကိုဘခက်ကို အားကိုးအားထားဖြင့် သူ၏သတ္တိကို ထုတ်ဖော်လိုက်သည်။

ကိုဘခက်သည် 'မ'၏ လည်တိုင်ကြော့ကြော့ကလေးကို သိုင်း၍ဖက်လိုက်ပြီးလျှင် နဖူးပြင်ကလေးကို အသာနမ်းလိုက်မိသည်။ အမှန်တော့ 'မ' သည် ချစ်သူအား နှစ်သိမ့်စေလို၍သာ အားတင်း၍ ပြောလိုက်ခြင်းဖြစ်သည်ကိုလည်း ကိုဘခက်ကိုယ်တိုင် ရိပ်မိလိုက်သည်။

"ကျွန်တော်တို့ ရင်ဆိုင်ရမှာ မဝေးတော့ပါဘူး။ ရှေ့တွေ့ကြရမယ့်လမ်းဆုံဟာ ကျွန်တော်တို့ရဲ့ ဘဝလမ်းဆုံပဲ။ ဒီလမ်းဆုံကနေ ရှေ့ဘယ်လို ခရီးဆက်ကြမလဲဆိုတာ ကျွန်တော်တို့ ဆုံးဖြတ်ရမှာပဲ။ အတူတူတွဲပြီး ဆက်သွားကြမလား၊ ဒါမှမဟုတ် လမ်းခွဲကြမလားဆိုတာ ကျွန်တော်တို့ ဆုံးဖြတ်ရမှာပဲ။ အမှန်တော့ ဒီလမ်းဆုံကိုမျှော်ပြီး စောင့်နေတာဟာ အပင်ပန်းဆုံးပါပဲ။ ဒီကြားမှာ 'မ' အနေနဲ့ ရင်ဆိုင်ရမယ့် အန္တရာယ်တွေကို မကျော်လွှန်နိုင်မှာပဲ စိုးရိမ်တယ်"

'မ' သည် ကိုဘခက်၏ ရင်တောင်အင်္ကျီကြယ်သီးကလေးများကို တပ်ချည် ဖြုတ်ချည်လုပ်နေရင်းမှ သက်ပြင်းကို မသိမသာ ချလိုက်မိ...။

"'မ' ကြိုးစားပါ့မယ် ဆရာ၊ 'မ' တစ်သက်မှာ ဒီစွန့်စားမှုဟာ အကြီးဆုံးဖြစ်ပါလိမ့်မယ်။ တစ်ခါတလေတော့လည်း 'မ' လေ ထွက်ပြေးချင်တယ်။ ဒီအိမ်မှာကို မနေချင်တော့ဘူး။ လူတွေအားလုံးနဲ့ မတွေ့နိုင်မယ့်နေရာမှာ ဆရာ့ကို ခေါ်သွားချင်တယ်။ ဒီလိုနေရာမျိုးမှ မသွားနိုင်ဘူးဆိုရင်လည်း 'မ' တစ်ယောက်တည်း အလွတ်ရုန်းပြီး ပြေးချင်တယ် ဆရာ။ ဒါလည်း စိတ်ရှုးပေါက်တဲ့အခါ တွေးမိတွေးရာ လျှောက်ပြီးတွေးမိတာပဲ။ တကယ်တော့ 'မ' မလုပ်ရဲပါဘူး။ 'မ' ကိုယ် 'မ' သိတယ်။ 'မ' ရဲ့ သံယောဇဉ်တွေဟာ 'မ' ကို အမြဲညှဉ်းဆဲနေကြမှာပဲ။ မွန်လို ကိုယ့်လမ်းကိုယ် ကင်းကင်းလွတ်လွတ် ခွဲထွက်ရဲရင် အကောင်းသားပဲနော်။ ဒါပေမဲ့ 'မ' ရဲ့ဘဝက မွန့်လို အဆင်ပြေမယ် မဟုတ်ဘူး။ ဖွတ်မိုတ်ရမှာ"

"ကျွန်တော် နားလည်ပါတယ် 'မ'။ မွန်တို့ အိမ်ထောင်ရေးက နှစ်ဦးနှစ်ဖက် ညီမျှတဲ့အိမ်ထောင်ရေးဆိုတော့ အားလုံးက ကြည်ဖြူကြတာပေါ့။ ကျွန်တော်နဲ့ 'မ' နဲ့က အဆင့်ချင်းကွာတယ် မဟုတ်လား။ မညီမျှတဲ့အချစ်မှန်ရင် ဘယ်တော့မှ ချောမွေ့တယ် မရှိပါဘူး။ ပတ်ဝန်းကျင်ကို လွန်ဆန်ရတာပဲ။ အတားအဆီးမှန်သမျှ ကျော်လွှန်ရတာပဲ။ အနိမ့်က လူအတွက်တော့ အမြင့်ကိုမျှော်နေရင် မောရုံပဲ ရှိမယ်။ အမြင့်ကနေ 'မ' တို့လိုကျတော့ အနိမ့်ကို ခုန်ဆင်းဖို့ဆိုတာ တော်တော်တန်တန် သတ္တိမျိုးနဲ့ မရဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါကြောင့် နေရာချင်း လဲလိုက်ချင်တယ်။ 'မ' ရင်ဆိုင်ရမှာတွေ၊ စွန့်လွှတ်ရမှာတွေကို ကျွန်တော်ပဲ ရင်ဆိုင်ချင်တယ်။ ကျွန်တော်ပဲ စွန့်လွှတ်ချင်တယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝက စွန့်လွှတ်စရာဆိုလို့ နှောင်ကြိုးတောင်မရှိတဲ့ဘဝမို့ တွေးတိုင်းနာကြည်းမိတယ်"

'မ' သည် ကိုဘခက်၏ လက်မောင်းတစ်ဖက်ကို ဖက်တွယ်၍ထားရင်း သူ့ပါးတစ်ဖက်ဖြင့် ကိုဘခက်၏ ပခုံးစွန်းကို ပွတ်နေမိသည်။ ကိုဘခက်က 'မ' ၏ လက်ဖျားများကို ခပ်တင်းတင်းဆုပ်နယ်၍ ထားလိုက်မိသည်။

"'မ' ကိုယုံပါ ဆရာ။ ဆရာ့ကို 'မ'ချစ်တယ်ဆိုတာ ဆရာယုံပါ။ 'မ' အနေနဲ့ သတ္တိနည်းချင်လည်း နည်းမယ်၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို 'မ' ခံချင်လည်း ခံရမယ်။ ဒါပေမဲ့ 'မ' ဆရာ့ကို ချစ်တယ်။ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ချစ်တယ်။ ဆရာကလွဲလို့ 'မ' ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး။ 'မ' ရဲ့နဖူးမှာ ဆရာနဲ့ ဆုံစည်းဖို့စာတန်းမပါတောင် 'မ' အသည်းထဲမှာ ဆရာ့အချစ်ကလွဲလို့ ဘယ်သူ့အချစ်ကိုမှ နေရာမပေးနိုင်ဘူး။ 'မ' ကို ယုံပါဆရာ"

'မ' သည် တုန်ယင်လှိုက်လှဲသောအသံကလေးဖြင့်ပြောရင်း ကိုဘခက်၏ပါးနှင့် သူ၏ပါးမို့မို့ကလေးကို အတင်းကပ်ထားလိုက်မိသည်။ ပြီးမှ လူချင်းခွာလိုက်သည်။

နောက် နေရာမှ ခပ်ဖြည်းဖြည်းထလိုက်ရင်း ကိုဘခက်ကိုသာ မျက်တောင်မခတ် ကြည့်နေမိသည်။

ကိုဘခက်ကလည်း 'မ' ၏ ပခုံးကလေးများကို ဆုပ်ကိုင်ရင်း 'မ' နှင့် အတူ ရပ်လိုက်သည်။

'မ' ၏ မျက်လုံးကလေးများသည် ပို၍တောက်ပလာသည်။

တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဖက်ထားလိုက်သည်။ အသက်ရှူသံ မကြားရချေ။

အတန်ကြာမှ 'မ' က မောဟိုက်သံကလေးဖြင့် တောင်းပန်လိုက်ရှာသည်။

"'မ'... သွားတော့မယ်နော်"

'မ' သည် ကိုဘခက်၏လည်တိုင်ကို သိုင်းဖက်လိုက်ပြီးလျှင် ကိုဘခက်၏ ပါးတစ်ဖက်ကို မမီမကမ်းဖြင့် တစ်ချက်မျှ နမ်းလိုက်သည်။ ပြီးမှ ရှက်ပြုံးကလေးပြုံး၍ ကိုဘခက်ကို ကြည့်လိုက်ပြီးလျှင် အပေါ်ထပ်သို့ တက်ပြေးတော့၏။

ကိုဘခက်သည် 'မ' ကို ကြောင်၍ ရပ်ကြည့်နေမိသည်။ ပြီးမှ သူ့ရင်ထဲတွင် တစိမ့်စိမ့်အေး၍လာသည်။

'မ' ၏ မေတ္တာလှိုင်းသည် သူ့ရင်တွင်း၌ ဂယက်ထ၍ ကျန်ရစ်ခဲ့လေသည်။

အမှန်တော့ 'မ' လို ဣန္ဒြေရှင်မိန်းမပျိုတစ်ယောက်က ချစ်သူကို အရဲစွန့်၍ နမ်းလိုက်ခြင်းသည် ကြီးမားသော စွန့်စားချက်တစ်ရပ်ပင် မဟုတ်ပါလော။

[ ၁၅ ]

မော်သည် ကြော့နေအောင် ပြင်ထားပြီး တစ်စုံတစ်ယောက်ကို မျှော်နေဟန်ရှိသည်။

မော်သည် မျက်နှာထားတင်းတင်းဖြင့် ကြည့်လိုက်ရင်း အပေါက်ဝဆီသို့သာ မျှော်နေရင်း နာရီကိုကြည့်လိုက်ပြီး စိတ်ပျက်ဟန်ဖြင့် ခေါင်းကလေး ကုတ်လိုက်ပြန်သည်။ တစ်ယောက်တည်း ရန်ဖြစ်သလို ခြေကိုဆောင့်၍ လျှောက်သေးသည်။

အိမ်ရှေ့မှ ကားတစ်စီးဆိုက်သံ ကြားရသောအခါ မော်သည် ဝမ်းသာအားရဖြင့် အပေါက်ဝဆီသို့ ပြေးထွက်၍ ကြိုလိုက်မိသည်။ ကားပေါ်မှ ဆင်းလာသူကို မြင်သောအခါ မော့်မျက်နှာမှာ သိသိသာသာ ညှိုး၍သွားသည်။

ဘလှသန်းထွန်းသည် မျောက်လွှဲကျော်ကဲ့သို့ ကားပေါ်မှ ခုန်ပေါက်ဆင်းပြေးလာသည်။ မော်က အပေါက်ဝမှ နောက်သို့ရွှေ့ပြီး ရပ်လိုက်သည်။

ဘလှသန်းထွန်းသည် မော်၏ လက်တစ်ဖက်ကိုဆွဲ၍ ဧည့်ခန်းတွင်းသို့ ပြေးဝင်လာသည်။ ပြီးမှ ဧည့်ခန်းစားပွဲတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

မော်ကမူ ဘလှသန်းထွန်းကို ဂရုမစိုက်ဘဲ အပေါက်ဝဆီသို့သာ မျှော်ရင်း စိတ်မရှည်အောင်ရှိတော့သည်။ သည်တော့မှလည်း ဘလှသန်းထွန်းက မော့်ကို အကဲခတ်လိုက်မိသည်။

"ဟေး...မော်က ပြင်လို့ဆင်လို့ ဘယ်သွားမှာမို့လဲ"

မော်သည်ဘလှသန်းထွန်း၏အမေးကို နှုတ်ခမ်းကလေးစူစူဖြင့် ဖြေလိုက်သည်။

"မစ္စတာရှားမားတို့ပါတီကို သွားဖို့"

ဘလှသန်းထွန်းသည် မော့်ကို အံ့သြဟန်ဖြင့် ကြည့်နေမိသည်။ ပြီးမှ သူ့အိတ်ထဲမှ ဖိတ်စာကို ထုတ်၍ပြလိုက်သည်။

"ကိုယ်လည်း အဲဒီသွားမလို့၊ ဒီမှာလေ ... ဖိတ်စာ။ အခု မော့်ကို လာခေါ်တာ။ မော်က ဘယ်လိုသိနေလဲ"

"မော်လည်း ဖိတ်မယ့်သူရှာတာပေါ့။ ခု သူ့ကိုစောင့်နေတာ"

"ဟင် ... ဘယ်သူ့ကိုစောင့်နေတယ်။ ကိုယ်နဲ့လိုက်ပါကွာ၊ ကိုယ် မော့်ကို တမင်လာခေါ်တာ။ ဂရေစီတို့နဲ့တောင် မသွားဘူး"

မော်သည် လက်မှနာရီကိုကြည့်လိုက်ရင်း နေရာမှ ထလိုက်သည်။ ဘလှသန်းထွန်း ပြောသောစကားကိုပင် မကြားဟန်ဖြင့် အပေါက်ဝဆီသို့သာ လည်တဆန့်ဆန့် ရှိနေတော့သည်။ သို့မျှော်ရင်းမှ တစ်ယောက်တည်း ညည်းလိုက်သည်။

"ချိန်းထားပြီး အချိန်မမှန်တာ မော်သိပ်စိတ်ဆိုးတာပဲ"

ဘလှသန်းထွန်းက မော့်အဖြစ်ကို နားမလည်သလိုရှိတော့သည်။ ခါတိုင်း မော်သည် ဘလှသန်းထွန်းက လာ၍ခေါ်လျှင် နှစ်ခါမခေါ်ရ ...။

ဖင်တကြွကြွဖြင့် ပေါ့ပါးသူဖြစ်သည်။ ယခုမှ ဘလှသန်းထွန်းခေါ်သည်ကိုပင် ဂရုမထားနိုင်အောင် ရှိနေသည်ကိုကား မတွေးတတ်အောင်ရှိတော့သည်။

"ဟေး ... မော်ရ မင်း ဘယ်သူ့ကိုစောင့်နေတာလဲ။ ကိုယ်လည်း သွားမှာပဲဟာ၊ ဘာလဲ ... ကိုယ်နဲ့မလိုက်ချင်ဘူးလား"

"မော် ... ကိုကိုကြည်နဲ့ချိန်းထားတယ်။ မော်က လူတစ်ယောက်ကို ကတိပေးပြီးရင် ကတိမဖျက်ချင်ဘူး။ မော့်ကိုလည်း ကတိတည်မှကြိုက်တယ်"

ဘလှသန်းထွန်းသည် မော့်စကားကြောင့် အောင့်၍သွားဟန် ရှိသည်။ ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။ လက်နှစ်ဖက်ကို ဘောင်းဘီခါးကြားတွင်သွင်းရင်း ကလေးများလို ဧည့်ခန်း၌ လျှောက်နေမိသည်။

"အေးပေါ့လေ ... ဒါဖြင့်လည်း စောင့်ဦးပေါ့။ အမေရိကန်ပြန်တွေများတယ်ပြီး လိုချင်တဲ့သူ ပေါ်တာပဲ"

"ဂျော်နီ ... မော့်ကို လာပြီးစိတ်ဆိုးအောင် စ မနေစမ်းနဲ့"

ဘလှသန်းထွန်းသည် ပုတ်သင်ညိုကဲ့သို့ ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်သည်။

"မ စပါဘူးဗျာ။ မ စပါဘူး။ ခုနစ်နာရီထိုးလို့မှမလာရင် ကိုယ်နဲ့လိုက်ချင်လိုက်ပေါ့။ မလိုက်ရင် ကိုယ်သွားမယ်"

မော်သည် ဘာမှပြန်မပြောဘဲ သူ့မျက်နှာကိုသာ ပြန်၍အလှပြင်နေလိုက်သည်။ ထိုအတွင်း တယ်လီဖုန်းမှ ခေါ်သံကို ကြားရသည်။ မော်သည် အပြေးအလွှား တယ်လီဖုန်းကို ကိုင်လိုက်သည်။ တယ်လီဖုန်းမှ တစ်ခွန်းမျှ အားတက်သရောထူးလိုက်ပြီးလျှင် တစ်ဖက်မှပြောသောစကားကို နားထောင်လိုက်သည်။ မော့်မျက်နှာ နီ၍လာသည်။ ဘလှသန်းထွန်းသည် မော့်ကို လှောင်ပြုံးကလေးပြုံး၍ကြည့်နေသည်။ မော်သည် လက်ပွေ့အိတ်ကိုကောက်ကိုင်လိုက်ရင်း ဘလှသန်းထွန်းကို အမိန့်ပေးလိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ကျွန်တော်နဲ့ 'မ' နဲ့က အဆင့်ချင်းကွာတယ် မဟုတ်လား။**
**မညီမျှတဲ့အချစ်မှန်ရင် ဘယ်တော့မှ ချောမွေ့တယ်မရှိပါဘူး။**
**ပတ်ဝန်းကျင်ကို လွန်ဆန်ရတာပဲ။ အတားအဆီးမှန်သမျှ ကျော်လွှန်ရတာပဲ။**
**အနိမ့်ကလူအတွက်တော့ အမြင့်ကိုမျှော်နေရင် မောရုံပဲရှိမယ်။**
**အမြင့်ကနေ 'မ' တို့လိုကျတော့ အနိမ့်ကိုခုန်ဆင်းဖို့ဆိုတာ**
**တော်တော်တန်တန်သတ္တိမျိုးနဲ့ မရဘူးဆိုတာ ကျွန်တော်နားလည်ပါတယ်။"**
**"'မ' ဆရာ့ကိုချစ်တယ်။ ရင်ထဲက လှိုက်လှိုက်လှဲလှဲချစ်တယ်။**
**ဆရာကလွဲလို့ 'မ' ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး။**
**'မ' ရဲ့နဖူးမှာ ဆရာနဲ့ဆုံစည်းဖို့ စာတန်းမပါတောင်**
**'မ' အသည်းထဲမှာ ဆရာ့အချစ်ကလွဲလို့ ဘယ်သူ့အချစ်ကိုမှ နေရာမပေးနိုင်ဘူး"**

# ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်



**ဘားအံ နိုဝင်ဘာ ၁၃**

ကရင်အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ဖြင့် အစဉ်အဆက်ထိန်းသိမ်းလာခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သည့် ပြာသိုလဆန်းတစ်ရက်နေ့တွင်ကျရောက်မည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၄) ရပ်ကွက်ရှိ သီရိကွင်းအတွင်း၌ အနှစ်သာရပြည့်ဝစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည့် ကရင်နှစ်သစ်ကူးနေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီနှင့် အထောက်အကူပြု လုပ်ငန်းကော်မတီများ၏ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**အကျယ်တဝင့် ခင်းကျင်းပြသ**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခင်နှစ် အတွေ့အကြုံနှင့် အကောင်းအဆိုးများကို ပြန်လည်သုံးသပ်၍ နှစ်သစ်တွင် မိမိတို့၏ ပြည်နယ်သူ၊ ပြည်နယ်သားများအတွက်သာမက တိုင်းပြည်နှင့် လူမျိုးအတွက်ပါ အကျိုးရှိစေမည့် အကြံအစည်၊ စိတ်ကူးစိတ်သန်းနှင့် လုပ်ငန်းဆောင်တာများကို ပိုမိုစီစဉ် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကရင်အမျိုးသား အလံတင်အခမ်းအနား၊ ကရင်နှစ်သစ်ကူးနေ့အခမ်းအနား၊ ဖီးဗူးယော် ကောက်သစ်စားပွဲအခမ်းအနားတို့ကို ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြခန်းများဖွင့်လှစ်ပြသ၍ ကရင်တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် ကရင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထင်ဟပ်ပေါ်လွင်အောင် အကျယ်တဝင့် ခင်းကျင်းပြသရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို အနှစ်သာရပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး အထောက်အကူပြု လုပ်ငန်းကော်မတီ အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တောင်ကုတ်မြို့၌ အခြေခံပညာ ထက်၊ လယ်၊ မူ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**တောင်ကုတ် နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

တောင်ကုတ်မြို့နယ် ပညာရေးမှူး ဦးကျော်ထွန်းအောင်က ကျောင်းတွင်း စီမံခန့်ခွဲမှုအရည်အသွေးတိုးတက်မြင့်မားရေး၊ ပညာရည်မြင့်မားရေးနှင့် စာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုက အဓိကကျကြောင်း၊ ကျောင်းအုပ်ကြီးများ၏ အရည်အသွေးမြှင့်တင်ခြင်းဖြင့် အခြေခံပညာကျောင်းများရှိဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ အနာဂတ်အတွက် အရည်အချင်းနှင့်အရည်အသွေးရှိပြီး တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၁၆ ကျောင်းမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် တာဝန်ခံကျောင်းအုပ် ၂၁၆ ဦးတို့ တက်ရောက်ကြပြီး စီမံရေးရာ၊ ဘဏ္ဍာရေးနှင့် ငွေစာရင်း၊ စီမံကိန်းများကြီးကြပ်အကဲဖြတ်ခြင်းလုပ်ငန်း၊ စာရင်းအင်းနှင့် ကွန်ပျူတာ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့် မြို့နယ်ပညာရေးမှူးများ၏ အခန်းကဏ္ဍများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



# မြိတ်မြို့နယ်၌ ယခုနှစ် စပါးပေါ်ချိန် စပါးအစို တင်း ၁၀၀ ကို ငွေကျပ် ၁၂ သိန်းဈေးဖြင့် စတင်ဝယ်ယူမည်

**မြိတ် နိုဝင်ဘာ ၁၃**

ဆည်ရေသောက်ဧရိယာမရှိသည့်အတွက် မိုးရာသီအချိန်အခါတွင် သဘာဝမိုးရေကိုသာ အဓိကအားထားကာ စိုက်ပျိုးနေရသည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်၌ ယခင်နှစ်ကထက် ယခုနှစ်စပါးပေါ်ချိန်တွင် ဒေသခံတောင်သူများ အဆင်ပြေစေရန်အတွက် စပါးအစို တင်း ၁၀၀ ကို ငွေကျပ် ၁၂ သိန်းဈေးပေးကာ ဝယ်ယူသွားမည်ဖြစ်ကြောင်း မြိတ်ခရိုင် ဆန်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးထွေးဝေထံမှ သိရသည်။

“ဒီဒေသကတောင်သူတွေ မိုးစပါးစိုက်ပျိုးနိုင်ဖို့အတွက် မျိုးစပါးတွေကို ဦးမောင်ထွေး (ဆန်ကုန်သည်အသင်းဥက္ကဋ္ဌ) က ထုတ်ပေးထားတော့ ကျွန်တော်တို့ အထွက်ကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးတွေ စိုက်ပျိုးလာနိုင်ပါတယ်။ တမံတွေကိုလည်း အစိုးရကနေ ပြန်လည်ပြုပြင်ပေးထားတော့ စပါးစိုက်နိုင်တဲ့စိုက်ကွင်းတွေ ပိုပြီးပေါ်လာတယ်။ ယခင်နှစ်ကထက် ဒီနှစ်မှာ စပါးအထွက်နှုန်း တိုးလာပါတယ်။ တစ်ဧကကို စပါးတင်း ၁၀၀ ခန့်အထိ ထွက်နိုင်ပါတယ်။ စိုက်ပျိုးစရိတ်ကြီးပေမယ့် စပါးအစို တင်း ၁၀၀ ကို ငွေကျပ် ၁၂ သိန်း ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် တွက်ခြေကိုက်ပါတယ်” ဟု မြိတ်မြို့နယ် ဂန်ဖို့ကျေးရွာမှ ဒေသခံတောင်သူ ဦးတင်ဝင်းက ပြောကြားသည်။

“ကျွန်တော်တို့မြိတ်မြို့နယ်မှာ လက်ရှိ စပါးအစို တင်း ၁၀၀ ကို ငွေကျပ် ၁၂ သိန်းနဲ့ စတင်ဝယ်ယူနေပါတယ်။ ဒေသခံတောင်သူတွေမှာက စိုက်ပျိုးစရိတ်ကြီးတာတွေ ကြုံတွေ့ခဲ့ရပါတယ်။ စပါးက အခုထွက်ခါစဆိုတော့ အစိုဓာတ်များနေပါတယ်။ ကျွန်တော်တို့မှာ အခြောက်ခံရတာတွေ၊ အလုပ်သမားစရိတ်တွေ နည်းနည်းကုန်ကျနိုင်လို့ ယခုလက်ရှိ ငွေကျပ် ၁၂ သိန်း ပေးထားပါတယ်။ အခြောက်မှန်လာရင် လက်ရှိဈေးနှုန်းထက် ပိုပေးပြီး ဝယ်ယူပေးမှာပါ။ ဒီနှစ် မြိတ်မြို့နယ်မှာ စပါးအထွက်နှုန်း နည်းနည်းတိုးတက်လာတယ်။ တစ်ဧကကို စပါးတင်း ၁၀၀ ခန့်လောက် အထိထွက်အောင် စိုက်ပျိုးလာနိုင်ကြပါတယ်။ ဒီက တောင်သူတွေကို ကျွန်တော်လည်း ဆင်းသုခစပါး မျိုးတွေထုတ်ပေးပြီး တောင်သူတွေ အဆင်ပြေအောင် ထွန်စက်တွေနဲ့ ထွန်ယက်ပေးတာတွေ လုပ်ဆောင်ပေးခဲ့ပါတယ်” ဟု မြိတ်ခရိုင် ဆန်ကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးထွေးဝေက ပြောကြားသည်။

မြိတ်မြို့နယ်တွင် ကလွင်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ပသောင်းကျေးရွာအုပ်စု၊ မဇောကျေးရွာအုပ်စု၊ တုံးဗျောကျေးရွာအုပ်စုနှင့် ကျောက်ဖျာကျေးရွာအုပ်စုတို့သည် စပါးအထွက်ကောင်းသောကျေးရွာအုပ်စုများဖြစ်သည်။

မြိတ်ခရိုင်တွင် စပါးစိုက်ဧက စုစုပေါင်း ဧက ၁၂၅၀၀၀ ခန့်ရှိပြီး မိုးစပါးအနေဖြင့် ဧက ၁၁၀၀၀၀ ကျော်ခန့်နှင့် နွေစပါး ဧက ၇၀၀၀ ကျော် ခန့်စိုက်ပျိုးလျက်ရှိကြောင်းနှင့် မြိတ်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၄၂၄၇၆ နှင့် နွေစပါးစိုက်ဧက ၆၂ ဧကရှိကာ ယခုနှစ်တွင် နွေစပါး ၈၅ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး မြိတ်မြို့နယ်တွင် ဒေသဝမ်းစာဖူလုံမှုမှာ ၇၁ ဒသမ ၀၆ ရာခိုင်နှုန်းခန့်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

# မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်းသို့ ပြည်ပပညာရှင်များ လာရောက်တွေ့ဆုံ လေ့လာ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (MIAC) ဗဟိုရုံးခန်းသို့ ပြည်ပပညာရှင်များ ဖြစ်သည့် အမေရိကန်ရှေ့နေနှင့် အနုညာတ ခုံလူကြီးများဖြစ်သော Mr. Benjamin Wagner နှင့် Mr. Alexander တို့ နိုဝင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက လာရောက်လေ့လာရာ MIAC ဗဟိုဥက္ကဋ္ဌနှင့်အသင်းတည်ထောင်သူ ဦးအဲလ်ဘတ်ဇော်မင်းက ကြိုဆိုနှုတ်ဆက်ပြီး အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ MIAC (ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌနှင့် သင်တန်းတာဝန်ခံ) ဦးကျူးခေါင်၊ ဦးထင်ဇော်လတ် (တွဲဖက်ပြန်ကြားရေးမှူး(ဗဟို)နှင့်သင်တန်းမှူး)တို့က MIAC မှဖွင့်လှစ်သည့် သင်တန်းများ အကြောင်းကို ရှင်းလင်းပြောကြားသည်။ (ဓါတ်ပုံ)



**တွေ့ဆုံမိတ်ဆက်**

ထို့နောက် MIAC မှ ဖွင့်လှစ်သင်ကြားလျက်ရှိသော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်း သိကောင်းစရာသင်တန်းတွင် Mr. Benjamin Wagner က သင်တန်းသားများနှင့်တွေ့ဆုံမိတ်ဆက်၍ ကမ္ဘာ့ကုလသမဂ္ဂ၌ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ၎င်းကိုယ်တိုင်ပါဝင်ဖြေရှင်းဆောင်ရွက်ခဲ့သည့် အမှုများအကြောင်းကို မျှဝေရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်မောင်(လှိုင်စစ်)

# လူစုလူဝေးပြိုကျမှုနှင့် ဘေးအန္တရာယ်

တင်ထက်ထက်ဇော်



အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ အောက်တိုဘာ ၃၀ ရက်က သံမဏိကြိုးဆိုင်းတံတား ပျက်ကျမှုကိုတွေ့ရစဉ်။

အာရှတိုက်အတွင်းရှိ တောင်ကိုရီးယား၊ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် လူစုလူဝေး ပြိုကျမှု ဘေးအန္တရာယ်များကြောင့် ပြီးခဲ့သည့် အောက်တိုဘာလအတွင်း လူပေါင်း ၄၀၀ ကျော် သေဆုံးခဲ့ပြီး ထောင်နှင့်ချီ ဒဏ်ရာရရှိခဲ့ကြကြောင်း နိုင်ငံတကာသတင်းဌာနများ၏ ဖော်ပြချက်များအရ လေ့လာသိရှိရပါသည်။ အဆိုပါ ဖြစ်ရပ်သုံးခုလုံးတွင် ဖြစ်စဉ်အခြေခံအကြောင်းအရာ ခေါင်းစဉ်မတူကြသော်လည်း လူဦးရေနှင့် သိပ်သည်းဆမမျှတမှုကြောင့် ဘေးအန္တရာယ်ဖြစ်ပေါ်ရသည့် ဝမ်းနည်းဖွယ် ဖြစ်ရပ်တို့ဖြင့်သာ နိဂုံးချုပ်ကြရလေသည်။

အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာလ ၁ ရက်နေ့က ဘောလုံးပွဲအပြီးတွင် ပရိသတ်များ၏အကြမ်းဖက်မှုကိုရပ်တန့်ရန် ရဲတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများဖြင့် ပစ်ခတ်မှုကြောင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားကာ အပြေးအလွှားထွက်ပြေးမှုများကြောင့် အချင်းချင်း တက်နင်းမိခြင်းနှင့် အသက်ရှူကျပ်ခြင်းများဖြစ်ပေါ်ကာ လူပေါင်း ၁၃၅ ဦးထက်မနည်း သေဆုံးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ အောက်တိုဘာလ ၂၉ ရက်နေ့ညပိုင်းက ကျင်းပသော Holloween (ဟောလိုးဝင်း) ပွဲတော်အပြီး လူပေါင်း ၁၅၀ ကျော် သေဆုံးခဲ့သည်။ ပါတီပွဲသွားသူအများစုသည် မျက်နှာဖုံးများနှင့် ဟောလိုးဝင်းဝတ်စုံများကို ဝတ်ဆင်ထားကြပြီး သေဆုံးသူအများစုမှာ အသက် (၂၀) ဝန်းကျင် ဆယ်ကျော်သက်များ ဖြစ်ကြသည်။ ထိုပွဲကို နိုင်ငံခြားသားများအပါအဝင် လူပေါင်းတစ်သိန်းခန့် လာရောက်ဆင်နွှဲကြပြီး ကျဉ်းမြောင်းသည့်လမ်းကြားအတွင်း လူအုပ်ကြီး ပြိုကျပိတ်မိသွားရာ အသက်ရှူကျပ်ခြင်း၊ တစ်ဦးကိုတစ်ဦး တက်နင်းမိခြင်းများကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် မရေမတွက်နိုင်သော လူအမြောက်အမြားလည်း ဒဏ်ရာရရှိခဲ့သည်။

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် အောက်တိုဘာ ၃၀ ရက် ညပိုင်းက ရာစုနှစ်တစ်ခုကြာသက်တမ်းရှိ သံမဏိကြိုးဆိုင်းတံတား ပျက်ကျမှုကြောင့် ရာနှင့်ချီသောလူများ ရေထဲသို့ ပြုတ်ကျပြီး လူ ၁၄၀ ထက်မနည်း သေဆုံးခဲ့သည်။ အရှည် ၂၃၂ မီတာရှိ အဆိုပါ ကြိုးဆိုင်းတံတားကို လူဖြတ်သန်းခွင့် ခြောက်လနီးပါးကြာပိတ်၍ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ဂူဂျာရတီလူမျိုးများ၏ နှစ်သစ်ကူးကာလအတွက် ပြန်ဖွင့်ပေးခဲ့ပြီး လေးရက်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ကြိုးဆိုင်းတံတား ပျက်ကျချိန်တွင် တံတားပေါ်၌ လူပေါင်း ၄၀၀ အထိ ရှိနေကြောင်း သိရသည်။

ဖော်ပြပါ ဖြစ်ရပ်များသည် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အဆိုးရွားဆုံး လူစုလူဝေးနှင့်ပတ်သက်သည့် ဘေးအန္တရာယ်များဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများတွင် ဖော်ပြထားပါသည်။

## အလားတူဖြစ်ရပ်များစွာရှိခဲ့

ထိုသို့သော လူစုလူဝေးသိပ်သည်းမှုသည် အခန့်မသင့်ပါက လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေတတ်သည်ကို သာဓကများစွာရှိခဲ့ပြီးလည်းဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဇွန်လအတွင်းက အီတလီနိုင်ငံ တူရင်မြို့လယ်ကောင်တွင် ဘောလုံးပွဲကြည့်ရှုနေကြသည့် ထောင်ပေါင်းများစွာသော လူအုပ်စုကြီးသည် တစ်နေရာမှ ကျယ်လောင်သော ပေါက်ကွဲသံကြောင့် ထိတ်လန့်တုန်လှုပ်ကာ ဝရုန်းသုန်းကား ထွက်ပြေးရာကနေ လူပေါင်း ၁၅၀၀ ကျော်ဒဏ်ရာရရှိခဲ့သည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က ဆော်ဒီအာရေဗျနိုင်ငံ မက္ကာဘုရားဖူးခရီးစဉ်အတွင်း လူအုပ်ကြီးပိမိမှုကြောင့် သေဆုံးသူ ၂၀၀၀ ကျော်အထိရှိခဲ့ကြောင်း သတင်းများက ဖော်ပြကြသည်။

မှတ်တမ်းများအရ ၁၉၉၂ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ဆယ်နှစ်အတွင်း လူစုလူဝေးပြိုကျမှုကြောင့် လူပေါင်း ၂၃၂ ဦး သေဆုံးပြီး ဒဏ်ရာရသူပေါင်း ၆၆၀၀၀ ကျော်ရှိကြောင်း လေ့လာမှုတစ်ခုက တွက်ချက်ထားပါသည်။ သို့သော် ၂၀၁၅ ခုနှစ် မက္ကာဘုရားဖူးခရီးစဉ်အတွင်း လူအုပ်စုကြီးပိမိမှုကြောင့် သေဆုံးမှုမှာ သမိုင်းဝင်ထူးခြားဖြစ်စဉ်တစ်ခု ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်များကို လေ့လာကြည့်ပါက ထုထည်ကြီးမားသော လူစုလူဝေးတစ်ခုအတွင်း အထိတ်တလန့်ဖြစ်မှုတစ်ခုခုကြောင့် လူအများ ထွက်ပြေးကြစဉ် တွန်းတိုက်မိခြင်း၊ လဲကျကာဖိမိခြင်း၊ အသက်ရှူကျပ်၍လဲကျခြင်း၊ တက်နင်းမိခြင်းစသည်တို့ ဖြစ်ပေါ်လေ့ရှိသည်။ ထိုအခါ ဒေါင်လိုက်စုပုံခြင်းကြောင့်ဖြစ်ရသည့် ပြိုလဲကျနေသူများထံဖိမိခြင်း သို့မဟုတ် လူအများစုပေါင်း၍ အနင်းခံရခြင်း သို့မဟုတ် ထွက်ပေါက်ပိတ်နေသော အတားအဆီးတစ်ခုခုရှိနေခြင်းတို့ကြောင့် အသက်ဆုံးရှုံးမှု ဖြစ်ပေါ်လေ့ရှိပါသည်။

## လူစုလူဝေးနှင့် သိပ်သည်းဆ

လေ့လာမှုများအရ လူစုလူဝေး၏ သိပ်သည်းဆသည် –

- တစ်စတုရန်းမီတာလျှင် လူလေးဦးရှိလာပါက ယင်းလူစုလူဝေးကြောင့် အန္တရာယ်အနည်းငယ်ရှိနိုင်ကြောင်း၊
- တစ်စတုရန်းမီတာလျှင် လူလေးဦးမှ ငါးဦး၏ သိပ်သည်းဆသို့ ရောက်ရှိသည့်အခါ သို့မဟုတ် ကျော်လွန်သွားသောအခါတွင် လူတစ်ဦးချင်းစီအပေါ် ဖိအားက လူစုလူဝေးကို သူ့အလိုလို ပြိုလဲသွားစေနိုင်ကြောင်း၊
- တစ်စတုရန်းမီတာလျှင် ခြောက်ဦးမှ ခုနစ်ဦးအထိ လူအုပ်စုကြီးဖြစ်လာသောအခါ လူများသည် တင်းကျပ်စွာစုစည်းရာမှ လှိုင်းလုံးသဖွယ်ဖြစ်လာကာ အသက်အန္တရာယ်ကို ထိခိုက်နိုင်ခြေ ပိုများကြောင်း။

ထို့ကြောင့် ထိုသို့သော ထုထည်ကြီးမားသည့် လူစုလူဝေးအတွင်း သွားရောက်စဉ် တစ်စတုရန်းမီတာ (၁၀ စတုရန်းပေ) တွင် လူခုနစ်ဦးထက် ပိုနေသည်ကို သတိပြုမိပါက သတိထားရန်၊ လူစုလူဝေးကို ကြောက်ရွံ့တတ်သူများအနေဖြင့် ထိုသို့သော နေရာများကို အထူးရှောင်ကြဉ်ကြရန် လိုပါသည်။

အချုပ်အားဖြင့်ဆိုသော် လူစုလူဝေးများ ပြိုကျမှု၊ ကြီးမားသော လူအုပ်စုများအတွင်း အထိတ်တလန့်ဖြစ်မှုသည် အန္တရာယ်ရှိလောက်အောင် ပြည့်ကျပ်နေသည့်အခါ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်မှာ ဝမ်းနည်းဖွယ်ဖြစ်ရပ်များသာ မလွဲမသွေ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော ဖြစ်ရပ်များသည် အားကစား၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် ဘာသာရေးပွဲများကဲ့သို့ ကြီးမားသော စုဝေးပွဲများတွင် ဖြစ်ပွားနိုင်သော်လည်း အဓိကအချက်မှာ ရှိသင့်သည့် ပမာဏထက် အဆမတန်များပြားသော လူစုလူဝေး သိပ်သည်းမှုကြောင့် ဖြစ်ရပါသည်။

သို့ပါ၍ ပျော်ပွဲရွှင်ပွဲဟုဆိုသော်လည်း လူစုလူဝေးနှင့် သိပ်သည်းဆ အဆမတန်ခြင်းက အဆုံးသတ်၌ မမျှော်မှန်းနိုင်သော ဝမ်းနည်းဖွယ်ဖြင့်သာ အဆုံးသတ်ရသည်ကို ကြိုတင်တွေးဆသင့်ပါကြောင်းနှင့် ထုထည်ကြီးမားသော လူစုလူဝေးသည် တစ်ခါတစ်ရံတွင် အသက်အန္တရာယ်ဖြစ်ပွားနိုင်သည်ကို အထက်ပါ သာဓကများမှတစ်ဆင့် သတိပြုရှောင်ရှားကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။



အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၁ ရက်က ဘောလုံးပွဲအပြီး ရုန်းရင်းဆန်ခတ်ဖြစ်ပွားစဉ်။

> လူစုလူဝေးများ ပြိုကျမှု၊ ကြီးမားသော လူအုပ်စုများအတွင်း အထိတ်တလန့်ဖြစ်မှုသည် အန္တရာယ်ရှိလောက်အောင် ပြည့်ကျပ်နေသည့်အခါ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်မှာ ဝမ်းနည်းဖွယ်ဖြစ်ရပ်များသာ မလွဲမသွေ ကြုံတွေ့ရနိုင်ပါသည်။ ထိုသို့သော ဖြစ်ရပ်များသည် အားကစား၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် ဘာသာရေးပွဲများကဲ့သို့ ကြီးမားသော စုဝေးပွဲများတွင် ဖြစ်ပွားနိုင်သော်လည်း အဓိကအချက်မှာ ရှိသင့်သည့် ပမာဏထက် အဆမတန်များပြားသော လူစုလူဝေး သိပ်သည်းမှုကြောင့်ဖြစ်ရ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ကြည်နူးဖွယ်

သိပ္ပံမောင်ဝ

ဤအခါသည်ကား မြို့ပိုင်၊ နယ်ပိုင်တို့၏ အလုပ်များသော အခွန်တော်ကောက်ချိန်ဖြစ်လေသည်။ မည်သည့်မြို့ပိုင်၊ နယ်ပိုင်မျှ မအားရ၊ ဟိုသွားသည်သွားနှင့် တစ်သွားတည်းသွားနေရသောအခါတည်း။

မောင်လူအေးကား အစိုးရပေးသောသင်္ဘောဖြင့် နံနက်ခင်းကတည်းက ထွက်လာခဲ့ရာ တစ်ချောင်းဝင် တစ်ချောင်းထွက်၊ တစ်ရွာဝင် တစ်ရွာဆင်းနှင့် အခွန်တော်တောင်းခံရသည်နှင့်ပင် နေတော်တော်စောင်းခဲ့၏။ ကြိမ်းတန်ကြိမ်း၊ မောင်းတန်မောင်း၊ ခြောက်တန်ခြောက်၊ လှန့်တန်လှန့်၊ ချော့တန်ချော့၊ ပျော့ပျော့တောင်းချည်၊ မာမာတောင်းချည် ပလီပလာစကားတွေလည်း များစွာသုံးရ၏။ အခုပင် လက်ထိတ်ခတ်ပြီး ဖမ်းတော့မလိုလို၊ နေအိမ်များကိုပင် ဝရမ်းကပ်ပြီး လေလံတင်ကာ ရောင်းတော့မလိုလို အမျိုးမျိုးအပိုစကားတွေကို ပြောရလွန်း၍ အာလည်းခြောက်၊ စိတ်လည်းနောက်၊ အေးပေါက်ကမပေါ် တော်တော်ပင်မောရှ်လာတော့၏။

နေပူပြင်းရသည့်အထဲတွင် သင်္ဘောခန်းကလည်း လှောင်နေသောကြောင့် မောင်လူအေးမှာ ချွေးတလုံးလုံးနှင့်နေ၏။ သင်္ဘောဖြတ်၍လာသော ချောင်းများမှာလည်း အချို့ကြီး၏၊ ရေများပြည့်လျှံလျက်နေလေသည်။ အချို့က ကျဉ်းကျဉ်းလေးတွေ၊ သင်္ဘောတစ်စင်းဝင်သာရုံရှိ၏။ ရေကလည်းနည်းသောကြောင့် သောင်တင်မည်ကိုပင် စိုးရသေး၏။ သတိမနည်းထားရလေသည်။ ကမ်းဘေးတွင် ပေါက်နေကြသော သစ်ပင်တို့ကား လမုပင်သာများ၏။ ချောင်းထဲသို့ ကိုင်းပြီးကျနေသောကြောင့် ရေတက်၍လာလျှင် အကိုင်းများနှင့်ရေပြင်မှာ ထိစပ်လျက်နေ၏။ ကြည့်၍ပင်ကောင်းသေးတော့။

မောင်လူအေးစီး၍လာသောသင်္ဘောမှာလည်း မောင်လူအေးကဲ့သို့ပင် အစိုးရမင်း၏အမှုတော်ကို ကျေပွန်စွာထမ်းရှာ၏။ မောပန်းသည်ဟူ၍ ညည်းညူခြင်းမရှိဘဲ အစဉ်တစိုက်ပင် မောင်လူအေး၏ သွားလိုရာသို့ မောင်းနှင်လျက်လာခဲ့လေသတည်း။

ဤသို့မောင်းနှင်လာ၍ ညဉ့်မိုးချုပ်သဖြင့် အလင်းရောင်ပျောက်သွားသောအခါ ခမျာသင်္ဘောမှာလည်း (ဆက်၍မသွားနိုင်တော့ဘဲ မောပန်းသည်တစ်ကြောင်း၊ လမ်းမမြင်သည်တစ်ကြောင်းတို့ကြောင့်) စခန်းချရရှာ၏။ မောင်လူအေး၏မောပန်းခြင်းကား ဆိုဖွယ်မရှိ။

သင်္ဘောစခန်းချရာကား ကညင်ကုန်းခေါ် တောရွာကလေး၌ဖြစ်၏။ ကမ်းဘေးတွင် ဆိုက်ကပ်ခြင်းငှာမတတ်နိုင်၊ ရေလယ်ကောင်မှာပင် ကျောက်ချ၍ ဆိုက်ကပ်ထားရ၏။ သင်္ဘောလည်း စိတ်အေးလက်အေးနေတော့၏။

မောင်လူအေးလည်း နေ့ခင်းက ချွေးတလုံးလုံးနှင့်နေခဲ့ရသောကြောင့် ရေချိုးခန်းသို့ဝင်၍ ရေချိုး၏။ ကိုယ်လက်ပေါ့ပါး၍လာ၏။ စိတ်ရှုပ်ထွေးခြင်းကား တော်တော်ပျောက်ကင်း၍သွား၏။ ရေမိုးချိုး၊ အင်္ကျီအဝတ်အစားလဲလှယ်ပြီးလျှင် အစေခံပြင်ထားသောထမင်းကို အားရပါးရစားသောက်၏။

ပြီးစီးလျှင် ခပ်အိုက်အိုက်ဖြစ်လာသဖြင့် သင်္ဘောအခန်းပြင်ဘက်ဦးတွင် ကုလားထိုင်တစ်လုံးကို ထုတ်ကာထိုင်၏။ လဆုတ် ၉ ရက်နေ့ညဖြစ်သောကြောင့် လမင်း၏အရောင်ကို မျှော်လင့်ဖွယ်မရှိ။ မှောင်အတိဖြစ်နေ၏။ သို့သော် မိုးရိပ်ကင်းသောကောင်းကင်တွင် ကြယ်အပေါင်းမှာ တောက်ပထွန်းလင်းလျက်နေကြ၏။ ဤကြယ်တို့၏အရောင်ကြောင့် သင်္ဘောရှေ့ပေတစ်ရာခန့်ကို ခပ်မှုန်မှုန်လေးမြင်ရ၏။ ကမ်းဘေးတွင် ပေါက်နေကြသော သစ်ပင်ကြီးငယ်တို့ကို မည်းမည်းများသာ မြင်ရ၏။ ထင်ထင်ရှားရှားကားမမြင်ရ။ လေညင်းက ခပ်ဖြည်းဖြည်း တိုက်ခတ်နေသောကြောင့် ရေပြင်တွင် ဂယက်ထနေ၏။ ၎င်းတို့၏အသံမှာ သာကောင်း၏။ လေညင်းခံ၍ကောင်း၏။ စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မီးညှိ၍သောက်၏။

ဤအခိုက်အခါတွင် မောင်လူအေး၏စိတ်၌ ပူပင်စရာအကြောင်း၊ စိတ်လှုပ်ရှားစရာအကြောင်းတို့ မပေါ်လာကြချေ။ နေ့ခင်းကအခွန်တော်အတွက် ရှုပ်ထွေးလာသည်တို့ကိုလည်း သတိမရ၊ မိမိနောက်လုပ်ကိုင်ရန်ရှိသော အလုပ်များကိုလည်း သတိမရ၊ ခေတ္တမျှမေ့လျော့၍နေလေ၏။

ကောင်းကင်ပေါ်သို့ မော့၍ကြည့်လိုက်၊ ကမ်းခြေဘက်သို့ မျှော်၍ကြည့်လိုက်၊ ရေပြင်ပေါ်သို့ ငုံ့၍ကြည့်လိုက်နှင့်နေ၏။ အိတ်ထဲမှ မွေးညှပ်ကိုထုတ်ကာ နုတ်ကာနုတ်ကာနေ၏။ အိမ်တွင်ကျန်ရစ်ခဲ့သော မမြသန်းလေးကိုလည်း တွေးမိ၏။ ဤအချိန်၌ အိပ်ဦးမည်မဟုတ်၊ အစောကြီးရှိသေး၏။ စကားပြောနေမည်လားမသိ၊ ပြောနေမည်မထင်၊ အိပ်ရာထဲဝင်ကာ မိမိအကြောင်းများ စဉ်းစားနေမလား၊ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်။ ခါတိုင်းကား သင်္ဘောနှင့်အတူလိုက်မြဲ။ ယခုမှာ နေကလည်းပူ၊ သွားစရာတွေကလည်း များသောကြောင့် ထားခဲ့ရပေသည်။

ကညင်ကုန်းရွာထဲတွင်နေကြသောသူတို့ကား မိမိ၏အကြောင်းမည်သို့ထင်ကြမည်နည်း။ အခွန်တော်ဆောင်ပြီးသောသူတို့ကား စိတ်အေးလက်အေးနေကြမည်ကားမလွဲ၊ အခွန်တော်မဆောင်ရသေးသူတို့ကား စိတ်ပူပြီးလျှင် လိုက်လံရှာဖွေချေးငှားနေကြပေလိမ့်မည်။ ရှာ၍မရသေးသောသူတို့ကား ပြေးရကောင်းမလား၊ ဝန်ထောက်မင်းထံလာ၍ တောင်းပန်ရကောင်းမလား စသည်ဖြင့်တွေးတောနေကြပေလိမ့်မည်။ ငါတို့အား ဝန်ထောက်မင်း နက်ဖြန်ခေါ်မည်ကားမလွဲ။ မည်သို့ပြောရမည်နည်း။ မပေးနိုင်လျှင် ဖမ်းများဖမ်းသွားမလားအခက်ပဲ၊ ရှာလို့ကလည်း မရနိုင်၊ စားဖို့တောင် ခက်နေ၊ ဘယ်လိုလုပ်ရမလဲ၊ ဤသို့ တွေးတောနေကြမည်ကားမလွဲ။

မောင်လူအေးကား မိမိနေရာတွင် မတုန်မလှုပ် မိမိထင်ရာကိုသာ စဉ်းစားလျက်နေ၏။ ရွာသူရွာသားတို့ မည်သို့စဉ်းစားနေကြမည်၊ မည်သို့ဖြစ်ပျက်နေကြသည်ကိုကား ဂရုမစိုက်၊ သင်္ဘောဆိုက်ထားရာနှင့် မနီးမဝေး အိမ်တစ်အိမ်မှ စကားပြောသံ၊ ရယ်မောသံတို့ကို မကြားမကြား ကြားလျက်နေ၏။ အခွန်ဆောင်ပြီးသောအိမ်နှင့်တူ၏။

လူကြီး၏အသံကိုလည်း ကြား၏။ (၁၂) နှစ်အရွယ် မိန်းကလေး၏အသံကိုလည်း ကြား၏။ မိန်းကလေးကား လူကြီးများ၏စကားကို သဘောကျသောကြောင့် မကြားမကြားရယ်၏။ လူကြီးများကပင် ရယ်စရာပြောနေပေသလား။ သူကိုယ်တိုင်က ရယ်ချင်ချင်ဖြစ်နေပါသလား။ မည်သူပြောနိုင်အံ့နည်း။ ၎င်းတို့၏ ပျော်ပါးစွာစကားပြောနိုင်ခြင်းကို ထောက်ထားခြင်းအားဖြင့် လူခွန်ဆောင်ပြီးသောအိမ်ဟူ၍ ကောက်ပြောနိုင်၏။ လူခွန်မဆောင်ရသေးသောအိမ်မှာ ဤသို့ရယ်မောစွာ စကားပြောဆိုနေနိုင်မည်မဟုတ်။

မောင်လူအေးလည်း တွေးမြဲတိုင်းသာ တွေးနေ၏။ ထိုအိမ်မှ စကားသံတို့လည်း ကြားမြဲကြားနေရ၏။ စိတ်တစ်မျိုး ကြည်နူးဖွယ်တည်း။ ဤသို့ စိတ်ကြည်နူးနေခိုက်တွင် တယောသံကို ကြားလိုက်ရ၏။ အချို့တွင် သကာလောင်းလိုက်သကဲ့သို့ ထင်မှတ်မိ၏။

> ❝ ဤမျှသိမ်ငယ်လှစွာသော တောရွာကလေးတွင် တယောသံကြားရသည်မှာ ထူးဆန်းလှ၏။ မောင်လူအေး၏စိတ်ကို ပိုမိုကြည်နူးစေလိုသောကြောင့် သိကြားမင်းကပင် ပဥ္စသီခနတ်သားအား ကညင်ကုန်းသို့ ခေတ္တအထူးအလုပ်နှင့် လွှတ်လိုက်သကဲ့သို့နေ၏။ စိတ်ကြည်နူးဖွယ်ကောင်းလှသော အခိုက်အတန့်လေးတွင် တယောသံကိုကြားလိုက်ရာ လူသာမန်တီးသောတယော၏ အသံပင်ဖြစ်စေကာမူ အချိန်အခါ၏ညီညွတ်ခြင်းနှင့် ပြည့်စုံသောကြောင့် ပဥ္စသီခနတ်သား၏ လက်သံကဲ့သို့ပင် ထင်မှတ်ရ ❞

ဤမျှသိမ်ငယ်လှစွာသော တောရွာကလေးတွင် တယောသံကြားရသည်မှာ ထူးဆန်းလှ၏။ မောင်လူအေး၏စိတ်ကို ပိုမိုကြည်နူးစေလိုသောကြောင့် သိကြားမင်းကပင် ပဥ္စသီခနတ်သားအား ကညင်ကုန်းသို့ ခေတ္တအထူးအလုပ်နှင့် လွှတ်လိုက်သကဲ့သို့နေ၏။ စိတ်ကြည်နူးဖွယ်ကောင်းလှသော အခိုက်အတန့်လေးတွင် တယောသံကိုကြားလိုက်ရာ လူသာမန်တီးသောတယော၏ အသံပင်ဖြစ်စေကာမူ အချိန်အခါ၏ညီညွတ်ခြင်းနှင့် ပြည့်စုံသောကြောင့် ပဥ္စသီခနတ်သား၏ လက်သံကဲ့သို့ပင် ထင်မှတ်ရ၏။ နတ်သား၏လက်သံကား ဤမျှပင်ကောင်းမည်မထင်၊ တယောသံထက် ကြားသူ၏စိတ်ကအရေးကြီး၏။ စိတ်ရှုပ်နေသောအခါ မည်သို့ပင်ကောင်းသောအသံဖြစ်စေကာမူ မကြားလို။ စက်ဆုပ်၏။ ရွံရှာ၏။

ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်၊ စိတ်ကလည်း ကြည်နူး၊ တယောသံကိုလည်း ကြားသဖြင့် အလကားနတ်ပြည်ရောက်နေသလိုဖြစ်နေ၏။ တယောသံက တဖြည်းဖြည်း ကျယ်၍ကျယ်၍လာ၏။ လက်ဦးတယောစမ်းလျက်နေ၏။ နောက်မိုးနတ်ဒေဝီကို ထိုး၏။ ထို့နောက်တေးဘုမ္မာကို ထိုး၏။ ထို့နောက် ဆက်လက်၍စမ်းသွား၏။ နားထောင်၍ကောင်း၏။ စိတ်ကြည်နူး၍သွား၏။ တစိမ့်စိမ့်နားထောင်ချင်၏။ ဦးပြုံးချို၏ သီချင်းများကို ထိုးသောကြောင့် ဦးပြုံးချိုကြီးအား ပြေး၍သတိရမိ၏။ ဤသီချင်းတို့မှာ နှစ်ရှည်လများ တည်မည်ဖြစ်သောသီချင်းတို့တည်း။

တယောထိုးနေသည်မှာ တစ်နာရီမျှကြာ၍လာ၏။ မောင်လူအေးလည်း မှတ်ဆိတ်မွေးနုတ်ကာ သောတာရုံကို ခံစားလျက်နေလေသတည်း။ ဤသို့ခံစားနေခိုက် စိတ်သည် အိမ်ကို တစ်ချက်တစ်ချက်ပြန်၍ပြေးသွား၏။ ကြာကြာကားမနေ၊ တယောသံရှိရာသို့ ပြန်၍လာပြန်၏။

တယောထိုးသူလည်း လက်ညောင်း၍လာ၏။ ၎င်း၏လက်သံမှာ ပျော့၍ပျော့၍လာ၏။ တိုး၍တိုး၍သွား၏။ အတန်ကြာလျှင် တယောသံလုံးလုံးပျောက်၍သွား၏။ တစ်ရွာလုံး ဘာသံမျှမကြား၊ လူသံတိတ်ဆိတ်လျက်နေတော့သတည်း။ မောင်လူအေးလည်း နေရာမှထ၍ အခန်းထဲသို့ဝင်၏။ နားထဲတွင် တယောသံမှာ ကြားမယောင်ယောင်နေ၏။ စိတ်ထဲတွင် အိမ်သို့ရောက်မယောင်ယောင်နေ၏။ ဝမ်းထဲတွင် ဆာမယောင်ယောင်နေ၏။

အစေခံဖျော်၍ထားသော ကော်ဖီအေးအေးတစ်ခွက်ကို သောက်ကာ အိပ်ရာထဲသို့ ဝင်တော့သတည်း။ မည်သည့်အချိန်ကျမှ အိပ်ပျော်သည်ဟူ၍ မည်သူပြောနိုင်အံ့နည်း။ ။

၁၉၃၁ ခုနှစ်။

■

# အိုဒီဂတ်ရဲ့ သွင်းဂိုးတွေနဲ့ သုံးမှတ်အပြည့်ရပြီး ဇယားထိပ်မှာ ငါးမှတ်ဖြတ်ကာ ဦးဆောင်ခွင့်ရရှိနေတဲ့ အာဆင်နယ်



ဌေးကြယ် - ရေးသားသည်

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁၆)မှာ ဝုလ်ဗာဟမ်တန်အသင်းကို အိုဒီဂတ်ရဲ့သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့ကာ အနိုင်သုံးမှတ်အပြည့်ရယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဒုတိယနေရာက မန်စီးတီးအသင်းကို ငါးမှတ်ဖြတ်ကာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

နည်းပြအာတီတာရဲ့ အာဆင်နယ်အသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းကို ပွဲကစားချိန် ၅၄ မိနစ်နဲ့ ၇၅ မိနစ်တို့မှာ ရရှိခဲ့တဲ့ အိုဒီဂတ်ရဲ့သွင်းဂိုးနှစ်ဂိုးနဲ့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီလို အနိုင်ရရှိခဲ့လို့ ပရီမီယာလိဂ် ၁၄ ပွဲကစားပြီးချိန်မှာ ၁၂ ပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်နဲ့ ရမှတ်စုစုပေါင်း ၃၇ မှတ်ရရှိခဲ့ကာ ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပရီမီယာလိဂ်အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကတော့ ပရီမီယာလိဂ် ၁၄ ပွဲကစားပြီးချိန်မှာ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၃၂ မှတ် ရရှိထားတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ အိုဒီဂတ်ဟာ အခုနှစ်ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုးခြောက်ဂိုးရှိသွားပြီလည်း ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၆)ရဲ့ အခြားသော ပွဲစဉ်တွေမှာတော့ နယူးကာဆယ်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လက်စတာစီးတီးအသင်းက ဝက်စ်ဟမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးအသင်းက လိဒ်ယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုး၊ နော့တင်ဟမ်ဖောရက်စ်အသင်းက ခရစ္စတယ်ပဲလေ့အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဘုန်းမောက်အသင်းက အဲဗာတန်အသင်းကို သုံးဂိုး-ဂိုးမရှိ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

# ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒဏ်ရာပြဿနာကြောင့် ဘယ်ကစားသမားတွေ လွဲချော်မလဲ

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို ကာတာနိုင်ငံတစ်ဝန်းရှိဘောလုံးကွင်းရှစ်ကွင်းမှာ နိုဝင်ဘာ ၂၀ ရက်ကနေ ဒီဇင်ဘာ ၁၈ ရက်အထိ ကျင်းပသွားဖို့ရှိနေပြီး အဲဒီပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အသင်းတွေရဲ့အသင်းအတွက် အရေးပါတဲ့ကစားသမားတချို့ဟာ ဒဏ်ရာပြဿနာ ရရှိထားတာကြောင့် လွဲချော်ရဖို့ရှိနေတာဖြစ်ပါတယ်။



**ပေါ့ဘာ**
**(ကွင်းလယ်ကစားသမား၊ ပြင်သစ်)**

အသက် ၂၉ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ရာသီအကြိုကာလကတည်းက ဒူးဒဏ်ရာရရှိထားတာဖြစ်ပြီး ဂျူဗင်တပ်အသင်းနဲ့အတူ လေ့ကျင့်ရေးပြန်ဆင်းနေပြီဖြစ်ပေမယ့် ရရှိထားတဲ့ဒဏ်ရာပြဿနာဟာ ပြင်းထန်တာကြောင့် ဂျူဗင်တပ်အသင်းရဲ့ ပွဲစဉ်တွေမှာ ပါဝင်ကစားနိုင်ခြင်း မရှိသေးတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ကမ္ဘာ့ဖလား လက်ရှိချန်ပီယံ ပြင်သစ်အသင်းမှာလည်း ပါဝင်ကစားနိုင်ဖို့ မသေချာတာကြောင့် ပြင်သစ်အသင်းရဲ့ ကမ္ဘာ့ဖလားလူစာရင်းကနေ ချန်လှပ်ခံခဲ့ရပြီး ကာတာကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

**ကန်တီ**
**(ကွင်းလယ်ကစားသမား၊ ပြင်သစ်)**

ချယ်လ်ဆီးအသင်းနဲ့ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းတို့ရဲ့ ကွင်းလယ်ကစားသမားကန်တီဟာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီအတွင်းမှာ ချယ်လ်ဆီးအသင်းနဲ့အတူ နှစ်ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ရရှိထားတဲ့ တံကောက်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမှာဖြစ်လို့ အနည်းဆုံး လေးလကြာ အနားယူရဖို့ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် ကန်တီဟာ ပြင်သစ်အသင်းရဲ့ ကွင်းလယ်ပိုင်းမှာ အကောင်းဆုံးစွမ်းဆောင်ရည်ရှိပေမယ့် ဒဏ်ရာပြဿနာကြောင့် ပြင်သစ်အသင်းရဲ့ ကမ္ဘာ့ဖလားလူစာရင်းကနေ ချန်လှပ်ခံခဲ့ရတာဖြစ်ပါတယ်။

**တီမိုဝါနာ(တိုက်စစ်မှူး၊ ဂျာမနီ)**

အသက် ၂၆ နှစ်အရွယ်ရှိ လိုက်ပ်ဇစ်တိုက်စစ်မှူး တီမိုဝါနာဟာ နိုဝင်ဘာလအစပိုင်းက လိုက်ပ်ဇစ်အသင်းက ရှက်တာဒိုးနက်စ်ခ်အသင်းကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာဖြစ်ပြီး ဒဏ်ရာပြဿနာကြောင့် ၂၀၂၂ ခုနှစ်ကုန်ပိုင်းအထိ အနားယူရမှာဖြစ်လို့ ဂျာမနီအသင်းနဲ့အတူ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ခွင့်မရရှိခဲ့တာဖြစ်ပါတယ်။



**ရီစီဂျိမ်းစ်**
**(ဘယ်နောက်ခံကစားသမား၊ အင်္ဂလန်)**

အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းရဲ့ ဘယ်နောက်ခံကစားသမား ရီစီဂျိမ်းစ်ဟာ အောက်တိုဘာလအတွင်းက ချယ်လ်ဆီးအသင်းနဲ့ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဒူးဒဏ်ရာရရှိခဲ့တာဖြစ်ပြီး ရရှိထားတဲ့ ဒူးဒဏ်ရာကြောင့် ကာတာနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ခွင့်မရခဲ့ဘဲ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

**ဒီယေဂိုဂျိုတာ (တိုက်စစ်မှူး၊ ပေါ်တူဂီ)**

လီဗာပူးအသင်းတိုက်စစ်မှူး ဒီယေဂိုဂျိုတာဟာ လီဗာပူးအသင်းက မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ ခြေသလုံးဒဏ်ရာ ရရှိခဲ့တာကြောင့် ပေါ်တူဂီအသင်းနဲ့အတူ ကာတာမြေကို အရောက်လှမ်းနိုင်မှာမဟုတ်ဘဲ လွဲချော်ရဖို့ သေချာနေပြီဖြစ်ပြီး လီဗာပူးအသင်းနည်းပြ ကလော့ကတော့ ဒီယေဂိုဂျိုတာရဲ့ ခြေသလုံးဒဏ်ရာဟာ ခွဲစိတ်ကုသမှုခံယူဖို့ မလိုအပ်ဘူးလို့လည်း ပြောကြားထားပါတယ်။



**ပက်ထရိုနီတို**
**(တောင်ပံကစားသမား၊ ပေါ်တူဂီ)**

အသက် ၂၂ နှစ်အရွယ်ရှိ ဝုလ်ဗာဟမ်တန် တောင်ပံကစားသမား ပက်ထရိုနီတိုဟာ ခြေချင်းဝတ်ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမှာဖြစ်လို့ ပေါ်တူဂီအသင်းရဲ့ ကမ္ဘာ့ဖလားလူစာရင်းကနေ ချန်လှပ်ခံခဲ့ရတာကြောင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။ တောင်ပံကစားသမား ပက်ထရိုနီတိုဟာ အောက်တိုဘာလအတွင်းက ဝုလ်ဗာဟမ်တန်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

**ကာမာရာ**
**(ကွင်းလယ်ကစားသမား၊ ပြင်သစ်)**

အက်စ်တွန်ဗီလာအသင်းရဲ့ အားထားရတဲ့ ကွင်းလယ်ကစားသမား ကာမာရာဟာ စက်တင်ဘာလအတွင်းက ဒူးအရွတ်ဒဏ်ရာပြဿနာကြုံတွေ့ခဲ့တာဖြစ်ပြီး ရရှိထားတဲ့ ဒူးအရွတ်ဒဏ်ရာဟာ ကာတာနိုင်ငံမှာ ကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ပြန်လည်သက်သာလာဖို့ ရှိနေတာကြောင့် ပြင်သစ်အသင်းရဲ့ ကမ္ဘာ့ဖလားလူစာရင်းကနေ ချန်လှပ်ခံခဲ့ရတာဖြစ်ပါတယ်။

**ဘင်ချီဝဲလ်**
**(ဘယ်နောက်ခံ ကစားသမား၊ အင်္ဂလန်)**

ချယ်လ်ဆီးအသင်းရဲ့ ဘယ်နောက်ခံကစားသမား ဘင်ချီဝဲလ်ဟာ ချယ်လ်ဆီးအသင်းက ဒိုင်နမိုဇာဂရက်အသင်းကို အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ တံကောက်ကြောဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီတံကောက်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမှာဖြစ်လို့ အင်္ဂလန်အသင်းရဲ့ ကာတာကမ္ဘာ့ဖလားပွဲထွက် လူစာရင်းနဲ့ လွဲခဲ့ရသူလည်းဖြစ်ပါတယ်။

အဲဒီကစားသမားတွေဟာ ဒဏ်ရာပြဿနာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ လွဲချော်ရဖို့ သေချာနေပြီဖြစ်ပြီး ကစားသမားတချို့ကတော့ ဒဏ်ရာရရှိထားပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ဒဏ်ရာကနေ ပြန်လည်သက်သာလာဖို့ရှိနေတာကြောင့် ကမ္ဘာ့ဖလားလူစာရင်းမှာ ထည့်သွင်းခံခဲ့ရတဲ့ ကစားသမားတွေလည်း ရှိနေတာဖြစ်ပါတယ်။



**ဆာဒီယိုမာနေး(တိုက်စစ်မှူး၊ ဆီနီဂေါ)**

ဆီနီဂေါတိုက်စစ်မှူး ဆာဒီယိုမာနေးဟာ ညာဘက်ခြေထောက်ဒဏ်ရာရရှိထားတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဘွန်ဒက်လီဂါနောက်ဆုံးပွဲစဉ်မှာ လွဲချော်ရဖို့ ရှိနေပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပချိန်မှာ ဒဏ်ရာကနေ ပြန်လည်သက်သာလာဖို့ရှိနေတာကြောင့် ဆီနီဂေါအသင်းရဲ့ ကမ္ဘာ့ဖလားလူစာရင်းမှာ ထည့်သွင်းခံထားရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် ဒဏ်ရာသက်သာပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆီနီဂေါအသင်းနဲ့အတူ ပါဝင်ပွဲထွက်လာမလား ဆိုတာတော့ စောင့်ကြည့်ရဦးမှာပါ။

**ဒိုင်ဘာလာ(တိုက်စစ်မှူး၊ အာဂျင်တီးနား)**



အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာဟာ ရိုးမားအသင်းနဲ့ လက်စီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်မှာ ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့တာဖြစ်ပြီး အဲဒီဒဏ်ရာဟာ အလွန်ဆိုးရွားတယ်လို့ ရိုးမားအသင်းနည်းပြ မော်ရင်ဟိုကတော့ ပြောကြားထားပါတယ်။ ဒါပေမယ့် အာဂျင်တီးအသင်းနည်းပြကတော့ ကမ္ဘာ့ဖလားပြိုင်ပွဲအမီ ဒဏ်ရာပြန်လည်သက်သာလာဖို့ရှိတာကြောင့် အာဂျင်တီးနားအသင်းရဲ့ ကာတာကမ္ဘာ့ဖလားပွဲထွက်လူစာရင်းမှာ ထည့်သွင်းခံထားတာဖြစ်ပါတယ်။

**ဒီမာရီယာ**
**(တောင်ပံကစားသမား၊ အာဂျင်တီးနား)**

အာဂျင်တီးနားတောင်ပံကစားသမား ဒီမာရီယာဟာ တံကောက်ကြောဒဏ်ရာကြောင့် နိုဝင်ဘာလ အစောပိုင်းအထိ ဂျူဗင်တပ်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိဘဲ လွဲချော်ခဲ့သူဖြစ်ပြီး ပြန်လည်သက်သာဖို့ သီတင်းသုံးပတ်ခန့် လိုအပ်မှာဖြစ်တဲ့အတွက် အာဂျင်တီးနားအသင်းက ကာတာကမ္ဘာ့ဖလားပွဲထွက်လူစာရင်းမှာ ထည့်သွင်းခံထားရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

**ကီလီဝေါကာ**
**(နောက်တန်း ကစားသမား၊ အင်္ဂလန်)**

မန်စီးတီးအသင်းနောက်တန်းကစားသမားကီလီဝေါကာဟာအောက်တိုဘာလ အစောပိုင်းက ပေါင်ခြံခွဲစိတ်ကုသမှုခံယူခဲ့ရတာဖြစ်ပြီး အသက် ၃၂ နှစ်အရွယ် နောက်ခံလူ ကီလီဝေါကာဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ဒဏ်ရာပြဿနာ အလုံးစုံပြန်လည်သက်သာလာဖို့ရှိတာကြောင့် အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်က ကာတာကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ရွေးချယ်ခဲ့တဲ့ နောက်တန်းကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

## ကန့်ဘလူမြို့၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကန့်ဘလူ နိုဝင်ဘာ ၁၃**

ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆုကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ဆုကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။




လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဆုကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး စသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

အဆိုပါ လူငယ်စကားဝိုင်းသို့ ဆုကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဦးဟန်လင်းအောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ တို့ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များကို တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## လဟယ်မြို့၌ နှစ်ရှည်သီးနှံစိုက်ခင်းများဆောင်ရွက်ရန် ပျိုးခြံတည်ထောင်ခြင်း လက်တွေ့ကွင်းသရုပ်ပြပွဲ ဆောင်ရွက်

**လဟယ် နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူးကျင်းပသော နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နှစ်ရှည်သီးနှံစိုက်ပျိုးတောင်သူများအား လိုအပ်သော ပျိုးပင်များရရှိနိုင်ရန် ပျိုးခြံတည်ထောင်ခြင်း လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က တောင်သူ ဒေါ်အလင်းသေး စိုက်ခင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နာဂဒေသ(တာဝန်ခံ) စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းထွန်းတင်က ပျိုးခြံတည်ထောင်ခြင်းအတွက် လက်တွေ့သရုပ်ပြဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် လဟယ်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းလင်းက ပျိုးပင်များ စိုက်ပျိုးနည်းကို ရှင်းလင်းဆွေးနွေးပြီး ပျိုးအိတ်ထည့်နည်းကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကာ နှစ်ရှည်သီးနှံ(မက္ကဒေးမီးယား/ ဝဥ) စိုက်နည်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ လဟယ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**လဟယ်(ပြန်/ဆက်)**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင် အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့်မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**✻ ကျောဖုံးမှ**

ရန်ကုန်မြို့နှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိသည့် ကမ်းခြေဖြစ်သောကြောင့် ရန်ကုန်မြို့နှင့်အနီးဝန်းကျင်ဒေသများမှ လာရောက်အပန်းဖြေကြသူပိုမိုများပြားလာခဲ့သော ဆယ်အိမ်တန်းကမ်းခြေ၌ စားသောက်ဆိုင်ခန်းပေါင်း ၃၀ ကျော်ကို ဖွင့်လှစ်ထားရာ နာမည်ကြီးငါးသလောက်အိုးမှောက်နှင့် ကဏန်း၊ ပုစွန်အစားအစာများမှာ လာရောက်အပန်းဖြေလည်ပတ်ကြသည့် ဧည့်သည်များအတွက် အကြိုက်ဖြစ်စေသောကြောင့် နှစ်ခြိုက်စွာစားသုံးတတ်ကြကြောင်း သိရသည်။

ညနေနေဝင်ချိန်တွင်ကမ်းခြေမှာလွန်စွာလှပ၍ ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေသောကြောင့် ရေကူးကြသူများနှင့် လာရောက်အပန်းဖြေကြသူများမှာ ညနေ နေဝင်ဆည်းဆာအလှကိုစောင့်ဆိုင်း၍ အမှတ်တရဓာတ်ပုံများရိုက်ကူးကြပြီး ကမ်းခြေအနီးရှိ ရေသူထီး၊ ရေသူမတို့နှင့်အတူ အမှတ်တရဓာတ်ပုံများရိုက်ကူးကြကြောင်း သိရသည်။

**သတင်း – ပွင့်သစ္စာ၊ ဓာတ်ပုံ – စိုးမြင့်အောင်**

**❍ စိန်ခေါ်ပွဲထိုးသတ်ရန်မှ**

ONE 163 ပြိုင်ပွဲတွင် တွဲဆိုင်း ၁၂ ပွဲပါဝင်မည်ဖြစ်ပြီး အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်သည်။ အပိုင်းတစ်ခုစီတွင် တွဲဆိုင်းခြောက်ပွဲစီ ပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်၏တွဲဆိုင်းမှာ အပိုင်း–၂ တွင် ပါဝင်လာမည်ဖြစ်သည်။ အပိုင်း–၂ ကို မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အောင်လအန်ဆန်နှင့် အိုကာမီပွဲကို အပိုင်း–၂ ၏ တတိယမြောက်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ကစ်ဘောက်ဆင်ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံသား အကီမိုတိုနှင့် ထိုင်းနိုင်ငံသား ပတ်ချာထာနွန်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ဒုတိယမြောက် စိန်ခေါ်ပွဲထိုးသတ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသား အိုကာမီမှာမူ ၂၀၁၉ နောက်ပိုင်း စိန်ခေါ်ပွဲပြန်လည်ထိုးသတ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ပြီးနောက် ယခုမှ ပြန်လည်ထိုးသတ်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ကမ္ဘာ့ချန်ပီယံခါးပတ် လက်လွှတ်ခဲ့ရပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရာတွင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ အောင်လအန်ဆန်သည် ယခင်က မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၂၀ အောက်တိုဘာလနှင့် ၂၀၂၁ ဧပြီလတွင် အရေးနိမ့်ကာ လက်လွှတ်ခဲ့ရပြီးနောက် စိန်ခေါ်ပွဲများသာ ထိုးသတ်နေရခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – ONE**

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တွဲဆိုင်းရှစ်တွဲ CANAL+Sports1 မှ တိုက်ရိုက်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

The Great Lethwei နှင့် Canal+ တို့ စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ တွဲဆိုင်းရှစ်တွဲကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် CANAL+Sports 1 ရုပ်သံလိုင်းနှင့် CANAL+ အပလီကေးရှင်းတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။




**ယှဉ်ပြိုင်ထိုးသတ်**

အဆိုပါ တွဲဆိုင်းရှစ်တွဲတွင် ၆၇–၇၁ ကီလို(လိုက်မစ်ဒယ်ဝိတ်တန်း) တွင် ပထမတန်းလက်ဝှေ့ကျော်စိုးလင်းဦးနှင့် သွေးသစ်ဝင်းလှိုင်၊ ၆၇–၇၁ ကီလို (လိုက်မစ်ဒယ်ဝိတ်တန်း)တွင် ကျော်စွာဝင်းနှင့် မင်းထက်အောင်၊ ၆၃ ဒသမ ၅ – ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း)တွင် သွေးသစ်မောင်နှင့်စောမင်းမင်း၊ ၆၀ – ၆၃ ဒသမ ၅ ကီလို (လိုက်ဝယ်လ်တာဝိတ်တန်း)တွင် စောဝါလုနှင့် ကိုနိုင်း၊ မိုးမှောင်နှင့် ထက်နိုင်အောင်၊ ၅၇–၆၀ ကီလို(လိုက်ဝိတ်တန်း)တွင် ဖွဲ့မာန်နှင့် စောဂျွန်၊ ၅၄–၅၇ ကီလို (ဖယ်သာဝိတ်တန်း) တွင် ကိုကိုနှင့် အောင်ထက်ဦး၊ မိုးဟိန်းနှင့် စောငမောက်တို့ ယှဉ်ပြိုင် ထိုးသတ်ကြမည် ဖြစ်ကြောင်း သိရသည်။

**ဗလစိုး**

## ဘုရားကြီးကုန်းကျေးရွာတွင် စံကွက်ရိတ်သိမ်းရာ တစ်ဧက အစို ၁၂၂ ဒသမ ၂၉ တင်းထွက်ရှိ

**အိမ်မဲ နိုဝင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် စံပြကွက်ရိတ်သိမ်းပွဲကို ဘုရားကြီးကုန်းကျေးရွာတောင်သူ ဦးပန်းမောင်၏ လယ်မြေ ကွင်းအမှတ် – ၃၇ (ဂ)၊ ဦးပိုင်အမှတ် – ၄၃/၁ ၌ ယနေ့နံနက် ၉ နာရီတွင် ဆောင်ရွက်သည်။

**စံကွက်ရိတ်သိမ်း**

ဧက ၁၀၀ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး စံပြကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၁၂၂ ဒသမ ၂၉ တင်း၊ အခြောက် ၁၁၅ ဒသမ ၁၈ တင်းထွက်ရှိပြီး စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ချစ်သက်လယ်(အိမ်မဲ)**

ကမ္ဘာ့
အပူချိန်
လျှော့ချဖို့
အိုဇုန်းလွှာ
ကာကွယ်မှုနဲ့
အတူ
ဆက်လက်
ဆောင်ရွက်စို့

## လက်ထပ်ထိမ်းမြားခြင်း ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်နေ (ဦးစိန်ဝှက်-ဒေါ်သိန်းသိန်း) ပွင့်ဖြူစတိုး၏ မြေး၊ ဗိုလ်ကြီးညီညီအေး(ငြိမ်း)(OTS-98)-(ဒေါ်တင်တင်နွယ်)တို့၏ တစ်ဦးတည်းသော သား

**မောင်ညီညီတင်ရဲပိုင် B.SC(Botany)**
**AB(Myanmar Five stars line)**
**နှင့်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးဝင်းသိန်း(ဌာနခွဲမှူး)(ရန်ကုန်အဝေးသင်တက္ကသိုလ်)-ဒေါ်ခိုင်ခိုင်ဦးတို့၏ သမီး

**မယုလှိုင်မိုး B.A(English)**
**(နိုင်ငံခြားရေးဝန်ကြီးဌာန)**
**Dip in International Relations**
**Dip in Human Resource Management**

တို့သည် ၁၃-၁၁-၂၀၂၂ ရက် တနင်္ဂနွေနေ့ သာကေတမြို့နယ် Oriental House မင်္ဂလာခန်းမ၌ မင်္ဂလာရှိသော ညှော့ပရိသတ်ရှေ့တွင် အောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော ပါမောက္ခချုပ်ဒေါက်တာချစ်စိန်(ရန်ကုန်အဝေးသင်တက္ကသိုလ်)နှင့် ဇနီး ဒေါက်တာတင်ဝါဝါရီ (ဘူမိဗေဒဌာန-ရန်ကုန်တက္ကသိုလ်)၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးမျိုးမြင့်(အငြိမ်းစား)နှင့်ဇနီး ဒေါ်မာမာဦးတို့နှင့် အတူ ကြွရောက်ချီးမြှင့်ပေးကြပါသော တပ်မတော်မှ အငြိမ်းစား အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၈)မှ အရာရှိများနှင့် မိသားစုဝင်များ၊ ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ညီညီတင်ရဲပိုင်-မယုလှိုင်မိုး**

## သည်းခြေအိတ် ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါအတွက် ဆေးနည်းများပေးမည်-

၁။ သည်းခြေအိတ် ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် (၁)ရက်လျှင် ပန်းသီး(၅)လုံးစီ (၅)ရက်စားပြီးနောက် (၆)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကို တိကျစွာ ဆောင်ရွက်ခြင်းဖြင့် (၇)ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှ ကျောက်များ၊ အသည်းမှာ ဖုံးနေသော အဆီဖတ်များ၊ ပျော့၊ ကျေ၍ ဝမ်းနှင့်အတူ ထွက်ကျလာသည်ကို မိမိကိုယ်တိုင် မြင်တွေ့ရပါမည်။

၂။ ကင်ဆာရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါ၊ ကျောက်ကပ်ပျက်စီးရောဂါများအတွက် ပန်းသီး၊ စပါးလင်၊ ကညွတ်အပါအဝင် သဘာဝအသီးအနှံ (၅/၇)မျိုးကို နေ့စဉ်စနစ်တကျ (၆)ပတ်စားပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကင်ဆာဆဲလ်များကို ကျုံ့သွားစေပါသည်။ ကင်ဆာရောဂါကို တဖြည်းဖြည်း သက်သာသွားစေပါသည်။ ကျောက်ကပ်ကျောက်များ ပျော့ကျေ၍ အရည်ပျော်ပြီး ဆီးနှင့်အတူ ထွက်ကျလာပါမည်။ ကျောက်ကပ်ပျက်စီးပြီး ဆေးနေရသောရောဂါကိုလည်း သိသာစွာ သက်သာစေပါသည်။

၃။ နှလုံးသွေးကြောကျဉ်းရောဂါအတွက် ပန်းသီးနှင့် ဆီးသီးအပါအဝင် သဘာဝအသီးအနှံ(၅)မျိုးကို စနစ်တကျစားသုံးခြင်းဖြင့် (၂)ပတ်အကြာ၌ သိသာစွာ သက်သာပျောက်ကင်းစေပါသည်။ ဆေးနည်း အပြည့်အစုံ သိရှိလိုပါက - ဦးသန်းဝင်း၊ အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး(ငြိမ်း) Ph-09-5070157 ကို ကာယကံရှင်ကိုယ်တိုင် ဆက်သွယ်ပါ။




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွှဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ အုပ်စုပွဲစဉ်(၁၀)ပွဲ၏ သီဆိုယှဉ်ပြိုင်မှုမှ ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၁၀)ဦးဖြင့် ပြုလုပ်မည့် ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၂)တွင် သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါ စိတ်ကြိုက်တေးသီချင်း(၁၀)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | ဟိုတုန်းကလို | ကချင်ပြည်နယ် | |
| ၂ | အချစ်များလက်ဆောင် | ချင်းပြည်နယ် | |
| ၃ | ဇာတ်တော်ထဲမှာ အလွမ်းဆုံး | ရန်ကုန်တိုင်းဒေသကြီး | |
| ၄ | စိတ်ကူးတောင်ပံများ | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၅ | ချစ်စရာ့ပန်း | ပဲခူးတိုင်းဒေသကြီး | (၁၈-၁၁-၂၀၂၂)ရက်နေ့ Level-2 ပွဲစဉ်(၁၂) |
| ၆ | တမာလမ်းကိုပြန်ခဲ့ပါ | ကရင်ပြည်နယ် | |
| ၇ | လိုသလိုသုံး | ကချင်ပြည်နယ် | |
| ၈ | နန်းတော်ရှေ့ဂန္ဓဝင် | စစ်ကိုင်းတိုင်းဒေသကြီး | |
| ၉ | မနဲ့မောင် | နေပြည်တော် | |
| ၁၀ | ဇရာ | ဧရာဝတီတိုင်းဒေသကြီး | |

**စာအုပ်စာပေ လူ့မိတ်ဆွေ**

ကလေးနာမည်ပေး ဆရာကြီး

ရာဇာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဗိုလ်ထီပေါက်မပေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)ဒုထပ်၊စေ့ဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

**စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၃၉) ရှိ (၂) ခန်းတွဲ (၇)ထပ်တိုက်၊ အဆောက်အဦ၏ (၅)လွှာ(ခေါင်းရင်းခန်း) (၁၂ ½ ပေx၅၀ ပေ) ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့်တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှု စာချုပ်အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ **ဒေါ်ခင်ခင်ဦး [၁၂/လသန(ဧည့်) ၀၀၁၀၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမင်းခင် [၁၂/မရက(နိုင်) ၁၆၇၁၄၁]၊ ဒေါ်မိုးပုံပုံ [၁၂/မရက(နိုင်)၁၇၇၀၃၇]** တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan-ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099,09-777797911,09-789877799,09-799933939**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် AUNG THAZIN-MYANMAR GENERAL BUSINESS COOPERATE COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်-134523263/2022 မှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်-၈၃၀၅/၂၀၂၂ ဖြင့် (၁၂-၁၀-၂၀၂၂)ရက်တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်-

အောင်သဇင်

(၈၃၀၅/၂၀၂၂)

အဆိုပါ**"အောင်သဇင်"** ကုန်အမှတ်တံဆိပ်အမည်ဖြင့် နှမ်းစပါး/မိုးစပါးများ စိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်မျိုးစပါးများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ရာသီသီးနှံပင်နှင့် နှစ်ရှည်သီးနှံပင်တို့အတွက် အပင်အားဖြည့်ဓာတ်စာများ၊ ဆန်/စပါးနှင့်ဆက်စပ်ပစ္စည်းများ စသည်တို့ကို အရည်အသွေးစုံလင်စွာ အရွယ်အစား အမျိုးမျိုး၊ ဒီဇိုင်းကာလာအမျိုးမျိုးတို့ဖြင့် မြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်၍ အထက်ပါ **"အောင်သဇင်"** ကုန်အမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း အသုံးပြုခြင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူ ကြောင်းကွဲ၊ မြန်မာ-အင်္ဂလိပ် အဓိပ္ပာယ်တူ ဆင်တူယိုးမှားတုပသုံးစွဲခြင်းမပြု ရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်သိရှိရပါက ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက် နစ်နာမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**AUNG THAZIN-MYANMAR GENERAL BUSINESS COOPERATE COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်ဖြင့်-**

**ဒေါ်နန်းအောင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၆၄)**
**ဒေါ်မရန်ဂျာဆိုင်း(LL.B, D.B.L, D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၅၅)**
**အခန်း-၆၊ အမှတ်-၈၆/၈၈၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-5016722, 09-5075134**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်(၃)လမ်း၊ အိမ်အမှတ်(၇၂၀)၊ ဒေါ်မြင့်မြင့်စိန်[၂/သဃက(နိုင်)၀၄၈၆၆၆]၊ နှစ်(၆၀)ဂရန် အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ယခုအခါ မိခင်ရင်း ဒေါ်မြင့်မြင့်စိန်မှာ ကွယ်လွန်သွားပြီဖြစ်ပါ၍ ကျန်သားသမီးအရင်းများဖြစ်သော (၁) ဒေါ်အိအိမွန်[၁၂/သဃက(နိုင်)၀၃၈၁၃၆]၊ (၂) ဦးဟန်ဇာမောင်[၁၂/သဃက(နိုင်)၀၃၈၆၉၅]၊ (၃) ဦးခိုင်ဇာထွန်း[၁၂/သဃက(နိုင်)၁၃၄၇၉၈]၊ (၄) ဦးရဲဇာဝင်း[ ၁၂/သဃက(နိုင်)၁၅၉၆၇၇]တို့မှ ရောင်းချမည်ဖြစ်ပါသည်။ ယနေ့သတင်းစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးခိုင်ဇာထွန်း၊**
**ဒေါ်အိအိမွန်၊ ဦးရဲဇာဝင်း၊**
**ဦးဟန်ဇာမောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးဇာဇာဟန်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၃၂၆၇၉)**
**ဒေါ်ဖြူဖြူလွင်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၈၃)**
**အမှတ်(၁၅၈)၊ ယုဇနလမ်း၊ ၁၄/၁ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း-၀၉-၆၇၃၁၉၄၆၈၄**

## ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ယသဝတီလမ်း၊ မြေကွက်အမှတ်(၁၀၈၅/က)၊ ဦးစံရွှေ အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးမျိုးဝင်း [၉/မထလ(နိုင်)၀၆၁၆၄၂]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ နဝဒေးအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ မြေကွက်အမှတ်(၂၈၁)၊ BLOCK-63၊ No-19၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးဟင်ဝှမ်း(ခ) ဦးထွန်းထွန်း[၁၂/စခန(နိုင်)၀၄၈၀၃၈]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဒေါ်စိုးမိုးကို [၁၂/လမတ(နိုင်)၀၂၁၇၅၂]က အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး၊ ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ | ဒေါ်နန်းစုမြတ်နိုးထွဋ် |
|---|---|---|---|
| (LL.B, D.B.L) | (L.L.B, D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၄၀၄) | (စဉ်-၁၄၂၆၂) | (စဉ်-၁၇၄၆၂) | (စဉ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၅၇၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆၊ ၀၉-၄၂၁၀၂၂၁၁၂**

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့်စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**

**လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ**

စာမျက်နှာ » ၂၁

**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၉၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄ ဦးတွေ့ရှိ**

စာမျက်နှာ » ၂၂

**လူစုလူဝေးပြိုကျမှုနှင့် ဘေးအန္တရာယ်**





ဆောင်းပါး စာမျက်နှာ » ၂၅

သိပ္ပံမောင်ဝ၏ ဝတ္ထုတို

**ကြည်နူးဖွယ်**

စာမျက်နှာ » ၂၆

**အိုဒီဂတ်ရဲ့ သွင်းဂိုးတွေနဲ့ သုံးမှတ်အပြည့်ရပြီး ဇယားထိပ်မှာ ငါးမှတ်ဖြတ်ကာ ဦးဆောင်ခွင့်ရရှိနေတဲ့ အာဆင်နယ်**

စာမျက်နှာ » ၂၇





## ရုံးပိတ်ရက်များအတွင်း ဆယ်အိမ်တန်းကမ်းခြေ၌ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**ကွမ်းခြံကုန်း နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ ဆယ်အိမ်တန်းကမ်းခြေ၌ ရုံးပိတ်ရက်များအတွင်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် ပုံမှန်စည်ကားလျက်ရှိကြောင်း သိရသည်။

"ပွင့်လင်းရာသီရောက်ခါစဆိုတော့ စပိဘုတ်တွေက ပြင်တုန်းဆင်တုန်းမို့ ကလေးတွေက အငှားမြင်းကိုပဲ ငှားရမ်းစီးနင်း လည်ပတ်ဆော့ကစားကြပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်ကြတာကတော့ တွံတေးနဲ့ ဒလမြို့နယ်အပါအဝင် ရန်ကုန်မြို့ဘက်ခြမ်းက ကားတွေနဲ့ လာရောက်လည်ပတ်ကြသူတွေ ပိုများတယ်။ ကျွန်တော်တို့ ဆယ်အိမ်တန်းကမ်းခြေဟာ အနှောင့်အယှက်မရှိဘဲ အေးချမ်းစွာ တည်ရှိနေတာကြောင့် နှစ်စဉ်နှစ်တိုင်း ပွင့်လင်းရာသီချိန်ရောက်ပြီဆိုရင် ကမ်းခြေမှာလာရောက်လည်ပတ်ကြတဲ့သူတွေနဲ့ စည်ကားစမြဲပါပဲ" ဟု ဆယ်အိမ်တန်းကျေးရွာတာဝန်ခံ ဦးသန်းထွန်းက ပြောသည်။ **စာမျက်နှာ ၂၈ ကော်လံ ၅ သို့ ❋**




## စိန်ခေါ်ပွဲထိုးသတ်ရန် မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန် စင်ကာပူသို့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲ ထိုးသတ်ရန် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၁၂ ရက်က ရောက်ရှိနေပြီဖြစ်သည်။

**ဂျပန်နိုင်ငံသား အိုကာမီနှင့် ထိုးသတ်ရမည်**

ONE Championship အဖွဲ့အစည်းက နိုဝင်ဘာ ၁၉ ရက်တွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် ONE 163 အမည်ရပြိုင်ပွဲတွင် အောင်လအန်ဆန်၏ တွဲဆိုင်းပါဝင်လာမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ဂျပန်နိုင်ငံသား အိုကာမီနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ တစ်ပတ်ဝန်းကျင် ကြိုတင်လာရောက်ခြင်း ဖြစ်သည်။ **စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❍**